အနိုင်ကျင့်ခံအဖြစ်မှ အပြောင်းအလဲကို ကူညီဆောင်ကြဉ်းသူများ အဖြစ်သို့

LGBT တို့၏ ဘဝများနှင့်သူတို့၏ အသံများ

USAID
FROM THE AMERICAN PEOPLE

Equality Myanmar

Colors Rainbow

မာတိကာ

ကျေးဇူးတင်လွှာ — ၁

အနှစ်ချုပ် — ၂

၁။ နိဒါန်း — ၅

၂။ တရားဥပဒေ စိုးမိုးရေး မြှင့်တင်ခြင်း စီမံကိန်း အကျဉ်းချုပ် — ၇

၃။ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း ဆိုင်ရာ နည်းနာ — ၈

၄။ တွေ့ရှိချက်များ

၄-၁။ ပါဝင်ဆွေးနွေးသူ LGBT တို့၏ ခွဲခြားဆက်ဆံမှု အတွေ့အကြုံများနှင့် အများပြည်သူ၏ အယူအဆများ — ၉
၄-၂။ တရားဥပဒေ စိုးမိုးရေး မြှင့်တင်ခြင်း စီမံကိန်း၏ အကျိုးသက်ရောက်မှု — ၁၅

၅။ အကြံပြု တိုက်တွန်းချက်များ

၅-၁။ ဥပဒေရေးရာ မူဘောင်အတွင်း အကြံပြု တိုက်တွန်းချက်များ — ၂၅
၅-၂။ ဥပဒေရေးရာ မူဘောင်ပြင်ပ အကြံပြု တိုက်တွန်းချက်များ — ၂၆

၆။ နိဂုံးချုပ်ခြင်း — ၂၇

နောက်ဆက်တွဲများ

၁။ အဆင့် ၁ တွင် အသုံးပြုထားသည့် ဆန်းစစ်လေ့လာမှု ပုံစံ — ၃၀
၂။ အထွေထွေ လမ်းညွှန်ချက်များနှင့် မေးခွန်းများ — ၃၁
၃။ အဆင့် ၂ တွင် အသုံးပြုထားသည့် ဆန်းစစ်လေ့လာမှုပုံစ — ၃၂
၄။ အဆင့် ၂ မှ FGD နှင့် KII တို့အတွက် စီစဉ်ထားသည့် မေးခွန်းများ — ၃၄
၅။ လေ့လာမှုပြုသည့် ဧရိယာများတွင် စာရင်းဇယား ဖြစ်စဉ်များ — ၃၅

ကျေးဇူးတင်လွှာ

USAID ၏ တရားဥပဒေ စိုးမိုးရေး မြှင့်တင်မှုစီမံကိန်း၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော Colors Rainbow ၏ "LGBT များအတွက် တရားဥပဒေစိုးမိုးရေး ရှေ့ပြေး စီမံကိန်း" အကောင်အထည် ဖော်ခြင်း၊ ဤအစီရင်ခံစာ၏ အခြေခံဖြစ်သော စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းနှင့် ဤအစီရင်ခံစာ ရေးသား ပုံနှိပ်ခြင်းတို့အတွက် ပါဝင် ကူညီခဲ့သူများစွာ ရှိပါသည်။ ပထမဦးစွာ ခက်ခက်ခဲခဲ ရှာဖွေတွေ့ရှိချက်များနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာရာတွင် မချယ်ရီဇာဟောင်နှင့် မရီနွယ်ထွန်းတို့က များစွာ အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။ ထို့ပြင် အစီရင်ခံစာ နောက်ဆုံးအဆင့်တွင် တည်းဖြတ်ခြင်း နှင့်စာမူကြမ်း ဖတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသော ဒေါ်ခင်မမအေး၊ Michael McGrath ၊ ဩဂတ်စတင်း ပြည့်စုံနှင့် ဦးဇော်ဘို တို့၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်မပြုလျှင် ဤကျေးဇူးတင်လွှာသည် ပြည့်စုံနိုင်မည် မဟုတ်ပေ။

အနှစ်ချုပ်

အမျိုးသားချင်း ချစ်ခင်စုံမက်သူ၊ B= အမျိုးသား/ အမျိုးသမီး နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူ၊ T= ဆန့်ကျင်ဘက်လိင်အဖြစ် ပြောင်းလဲခံယူနေထိုင်သူ) တို့အပေါ် မြန်မာနိုင်ငံ၏ တရားဥပဒေ စနစ်နှင့် အများပြည်သူ၏ ယေဘုယျအမြင်မှာ သိသိသာသာ ပင် မနှစ်မြို့သည့် ခံယူချက်ရှိပြီး အကျိုးဆက်အားဖြင့် သမားရိုးကျမဟုတ်သော ကျားမသဘာဝရှိသူနှင့် လိင်စိတ်ဆန္ဒသဘာဝ ရှိသူများသည် အခြားသော တိုင်းသူပြည်သားများနှင့် (ရဲဌာနကဲ့သို့သော) အာဏာပိုင်တို့၏ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ လိင်ပိုင်းအရ သော် လည်းကောင်း မကြာခဏ စော်ကားခံရသူများ ဖြစ်နေကြသည်။ LGBT များကို ခြောက်လှန့်ရန်၊ နှောင့်ယှက်ရန်နှင့် အပြစ်ပေးရန်အတွက် ဥပဒေများ (အထူးသဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၇၇ နှင့် "မှောင်ရိပ်ခိုမှုနှင့် ရုပ်ဖျက်မှု") ကို အသုံးပြု၍ ဖိနှိပ်ကြသည်။ ရှေးယခင်က ထိုသို့သော မတရားဖိနှိပ်မှုများကို တရားဝင် သိရှိမှုမှာ နည်းပါးပြီး ယခုအခါ လူ့အခွင့်အရေး လှုပ်ရှားသူများက LGBT တို့အပေါ် ကျူးလွန်မှုများကို ပိုမို မှတ်တမ်းတင်လာကြသည်။ LGBT တို့ကို ဥပဒေအရ အသိအမှတ်မပြုခြင်းနှင့် ယဉ်ကျေးမှုအရလက်မခံမုန်းတီးမှု တို့က ထိုသို့ သော ဖိနှိပ် ကျူးလွန်မှုများအတွက် တရားဥပဒေ၏ အကာအကွယ်ကို ရယူရန် အလွန်ကြီးမားသော စိန်ခေါ်မှု ဖြစ်လျက် ရှိသည်။ LGBT အသိုင်းအဝိုင်း အတွင်းတွင် လူ့အခွင့်အရေးဗဟုသုတမရှိခြင်းနှင့် LGBT တို့နှင့် ပတ်သက်လျှင် ကူညီအကြံပေးလိုသည့် ဥပဒေပညာရှင် နည်းပါးခြင်း တို့ကြောင့်လည်း အဆိုပါ ပြဿနာများ ပိုမိုဆိုးဝါးသွားရသည်။ သို့ဖြစ်ရာ LGBT များမှာ ဖိနှိပ်စော်ကားခံရခြင်းနှင့် ကိုယ့်ပုံရိပ်ကို ကိုယ်ပြန်ဖျက် ခြင်းဆိုသည့် အဆိုးကျော့ သံသရာမှာသာ တဝဲလည်လည်ဖြစ်နေရပြီးလျှင် LGBT အသိုင်းအဝိုင်းအပေါ် လူ့အဖွဲ့အစည်း တစ်ရပ်လုံးက ယေဘုယျရှိထားသည့် ပုံသေကားကျမကောင်းမြင်မှုကို ပိုမိုခိုင်မာအောင် ပြုလျက်ရှိသည်။

အောက်ပါ အစီရင်ခံစာသည် USAID ၏ တရားဥပဒေ စိုးမိုးရေးမြှင့်တင်ခြင်း စီမံကိန်း၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော Colors Rainbow ၏ "LGBT များအတွက် တရားဥပဒေ စိုးမိုးရေးရှေ့ပြေးစီမံကိန်း" အပေါ် ပြင်ပအတိုင်ပင်ခံ၏ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းမှ တွေ့ရှိချက်များကို အသေးစိတ် ဖော်ပြသည်။ စီမံကိန်းသည် (ရန်ကုန်တိုင်းဒေသကြီး) လှိုင်သာယာမြို့နယ်၊ (မွန်ပြည်နယ်) မော်လမြိုင် မြို့နယ်နှင့် (ပဲခူးတိုင်းဒေသကြီး) ပြည်မြို့နယ်မှ LGBT များကို ဥပဒေအထောက်အပံ့ပေးရန် ရည်ရွယ်သည်။ ဤ အစီရင်ခံစာ၏ တွေ့ရှိချက်များ နှင့် တရားဥပဒေ စိုးမိုးရေး မြှင့်တင်မှုစီမံကိန်း၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များက မူဝါဒချမှတ်ခြင်းနှင့် သက်ဆိုင် သော အရေးပါသည့် အကြောင်းအရာတို့ကို မီးမောင်း ထိုးပြသခဲ့သည်။

LGBT တို့ကို လူ့အခွင့်အရေးနှင့် ဥပဒေအရ ရသင့်ရထိုက်သည့်အခွင့်အရေး သင်တန်းပေးခြင်းသည် မတရားခံရသူများ၏ ခံစားချက်နှင့် မိမိကိုယ်မိမိ တန်ဖိုးထားမှုအပေါ် ကြီးမားသည့် သက်ရောက်မှု ရှိပြီး သင်တန်းသားများ၏ အပြုအမူများ ကောင်းမွန်လာအောင် အားပေးသည်။

၁

၎င်းတို့သည် မတရား ခံရသူများ ဖြစ်သည်ဟူသော အမြင်မှသည် အပြောင်းအလဲကို ကူညီဆောင်ကြဉ်း သူများ အဖြစ် ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲခံယူလာကြသည်။ ထို့ပြင် Colors Rainbow ၏ သင်တန်းကဲ့သို့ သင်တန်းများ မရှိလျှင် မချင်းချင်း ကွဲပြားနေမည် ဖြစ်သော LGBT အုပ်စုများသည် ထိုသင်တန်းများကြောင့် စည်းလုံးလာကြသည်။ ထို့ပြင် ၎င်းတို့အနေဖြင့် လိင်စိတ်တိမ်းညွှတ်မှု၊ ကျား-မသဘာဝ အမျိုးမျိုး ကွဲပြားမှုများအကြား ပုံစံတူရုန်းကန်နေရသည့် လူနည်းစုများအဖြစ် အချင်းချင်း အသိအမှတ်ပြုလာကြသည်။ ထို စည်းလုံးသည့် အသိစိတ်ဓာတ် မြင့်တက်လာခြင်း ကြောင့် LGBT တို့အနေဖြင့် အနာဂတ်တွင် စည်းရုံးလှုံ့ဆော်ရေးနှင့် အသိပညာပေးရေး အစီအစဉ်တို့တွင် ၎င်းတို့ကိုယ်တိုင် ပါဝင်နိုင်ရေး အတွက် ခိုင်မာသည့် စင်မြင့်တစ်ခု ဖြစ်လာသည်။ ထို့ပြင် ဤရှေ့ပြေးစီမံကိန်း၏ အောင်မြင်မှုသည် အခြားသော ဒေသများတွင် စီမံကိန်းကို တိုးချဲ့ဆောင်ရွက်ရန် အရေးပါမှုကို ဖော်ပြသည်။

LGBT တို့ကို ရှေ့နေအကူများအဖြစ် သင်တန်းပေးခြင်းသည် လူ့အဖွဲ့အစည်း အပေါ် ၎င်းတို့ ထည့်ဝင်နိုင်သည့် တန်ဖိုးအပေါ် အပြုသဘော သက်ရောက်မှုကို ထင်ရှားစေခဲ့သည်။

၂

ထို့ကြောင့် ၎င်းတို့အပေါ်ရှိနေသော မကောင်းသည့် အမြင်စွဲကို ကူညီချေဖျက်ပေးသည်။ LGBT တို့အပေါ် ခွဲခြားဆက်ဆံသည့် အလုပ်ခန့်ခြင်းများကြောင့် ရရှိရန် ခက်ခဲသော အလုပ်တာဝန်များနှင့် အခွင့်အရေးများကို သင်တန်းသားများ ထိတွေ့ခွင့်ရရှိသွားခဲ့သည်။ ဤအချက်သည် ၎င်းတို့၏ ဖြစ်တည်မှုအပေါ် လုံခြုံစိတ်ချသည့် ခံစားမှုကို သိသိသာသာ မြင့်တက်စေခဲ့သည်ဟု LGBT တို့က ပြောသည်။ လေ့ကျင့်ပေးထားသည့် ရှေ့နေအကူများနှင့် ရပ်မိရပ်ဖများ၊ အာဏာပိုင်များအကြား ယခုအစီအစဉ်က တည်ထောင်ပေးလိုက်သော ကွန်ရက်နှင့် ဆက်သွယ်ရေး လမ်းကြောင်းသည် ၎င်းတို့၏ လုံခြုံသည့် စိတ်ခံစားမှုကို ပိုမိုမြှင့်တင်ပေးလိုက်ပြီး အပြန်အလှန်အားဖြင့် LGBT တို့ ရထိုက်သည့် အခွင့်အရေးနှင့် တန်ဖိုးဆိုင်ရာ လူ့အဖွဲ့အစည်း၏ အမြင်များ တိုးတက်ကောင်းမွန်လာအောင် တစ်တပ်တစ်အား ပါဝင်ပေးသည်။ ထို့ကြောင့် LGBT တို့နှင့် ရပ်ရွာလူထုကို စဉ်ဆက်မပြတ် ဆက်စပ်ပေးသော စီမံကိန်းများသည် LGBT တို့ အပေါ် ပိုမိုအပြုသဘောဆောင်သည့် ဝယက်အနက်များကို ကူညီအားဖြည့် ပေးသည်။ လိင်စိတ်ဆန္ဒသဘာဝ/ကျားမခံယူချက် အမျိုးမျိုး အပြားပြား ဖြစ်နေသော လူပုဂ္ဂိုလ်များအပေါ်တွင် ရှိနေသော မကောင်းမြင်စိတ်များကို ချေဖျက်ရာတွင်လည်း ကူညီပေးသည်။

တရားဥပဒေ စိုးမိုးရေး ကဏ္ဍတွင် အမြစ်တွယ်နေသော ခွဲခြား ဆက်ဆံမှုများကို တိုက်ဖျက်ရေးမှာ ကြီးမားသော စိန်ခေါ်မှုကြီး တစ်ရပ် ဖြစ်နေဆဲပင်ဖြစ်သည်။

၃

အဆုံးစွန်အားဖြင့် LGBT အသိုင်းအဝိုင်းအပေါ် မတော်မတရား ပြုကျင့်မှုကို ဥပဒေက ခွင့်ပြုထားခြင်းကို ရပ်တန့်ရန်အတွက် ဥပဒေပြုရေးကဏ္ဍကို ပြောင်းလဲရန် လိုအပ်သည်။ သို့သော် ထိုကိစ္စရပ်အတွက် စိတ်နှစ်မြှုပ်လုပ်ကိုင်မည့် ဥပဒေပညာသည်များ မရှိပါက ရည်မှန်းချက် အောင်မြင်ရန် အလားအလာ နည်းသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံမှ ဥပဒေပညာသည်များသည် လိင်စိတ် တိမ်းညွှတ်မှုနှင့် ကျားမ ကွဲပြားမှုဆိုင်ရာ စံသတ်မှတ်ချက်နှင့် မကိုက်သူများ အပေါ် မတော်မတရား ပြုကျင့်သည့် အမှုများကို လိုက်ပါဆောင်ရွက်ရန် လုံလောက်သည့် ကျွမ်းကျင်မှု မရှိပါ။ တကယ်တန်းတွင် စီမံကိန်း၏ အဓိက ဦးတည်ချက်မှာ LGBT တို့အပေါ် မတော်မတရား ပြုကျင့်မှုကို ဖော်ထုတ်ရန် ဖြစ်သော်လည်း ထိုအမှုများကို လိုက်ပါဆောင်ရွက်ရန် အရည်အချင်းပြည့်မီသော ရှေ့နေ မလုံလောက်မှုကြောင့် မှတ်တမ်းတင်ရရှိသော အမှုအများစုမှာ တရားရုံးသို့ မရောက်ရှိနိုင်ပါ။ အစိုးရသစ် တက်လာခြင်းကြောင့် ဥပဒေဝန်ဆောင်မှုများနှင့် အကူအညီများကို နိုင်ငံတော်က ပိုမိုပေးအပ်ရန် တိုက်တွန်းနားချနိုင်သည့် အခွင့်အလမ်း ရရှိမည့် အလားအလာရှိလာသည်။ လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျားမကွဲပြားမှုဆိုင်ရာ ကိစ္စရပ်များအပေါ် ဥပဒေလောကသားများ အလေးဂရုပြု တတ်လာအောင် သင်တန်းများပေးခြင်းသည် အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်လာမည်။

ရဲတပ်ဖွဲ့၏ မတော်မတရား ပြုကျင့်မှုနှင့် လျစ်လျူရှုမှုသည် အရေးကြီးသည့် ကိစ္စတစ်ခု ဖြစ်သည်။

၄

ထိုကိစ္စများတွင် LGBT တို့က တိုင်ကြားသည့် မတော်မတရား ပြုကျင့်ခံရမှုကို ဆက်လက်အရေးယူဆောင်ရွက်ရန် ဥပဒေ စိုးမိုးရေးဝန်ထမ်းတို့က လျစ်လျူရှုခြင်း မှသည် ရဲများကိုယ်တိုင်က LGBT တို့အပေါ် မတရားပြုကျင့်သည်အထိအကျုံးဝင်သည်။ တရားဥပဒေ စိုးမိုးရေးကဏ္ဍအတွင်းမှ ပြဿနာများကို ဖြေရှင်းရာတွင် အဓိက ဦးစားပေးရန်မှာ ရဲတပ်ဖွဲ့အတွင်း အမြစ်တွယ်နေသည့် မတော်မတရား ပြုကျင့်သည့် အပြုအမူများကို ရပ်တန့်ရန် ဖြစ်သည်။ LGBT အသိုင်းအဝိုင်းကို အာဏာပိုင်တို့က နှိပ်ကွပ်မှု မရပ်တန့်မချင်း၊ LGBT တို့အပေါ် မတော်မတရား ပြုကျင့်သည့် ပြစ်မှုများကို ဥပဒေသမားများက လေးလေးနက်နက် မကိုင်တွယ်မချင်း မတော်မတရား ပြုကျင့်ခံရသူများသည် ၎င်းတို့၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် တရားဥပဒေ၏ အကာအကွယ် အစောင့်ရှောက်ကို ရရှိဦးမည် မဟုတ်ပေ။ အသိပညာမြှင့်တင်ရေး နှင့် အမူအကျင့် ပြုပြင်ရေး အစီအစဉ်များကို ရဲဌာနများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ရေးမှာ ဤအခြေအနေမှ တိုးတက်လာစေရန် မရှိမဖြစ် လိုအပ်သည်။ ထို့ထက်ပို၍ မတော်မတရားပြုကျင့်သည့် သို့မဟုတ် မိမိတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်သည့် အာဏာပိုင်များကိုတွေ့ရှိပါက တိုင်ကြားနိုင်ရေး အတွက် ဖြောင့်မတ်သမာဓိရှိသည့် တိုင်ကြားရေးလုပ်ငန်းစဉ်တစ်ရပ် ထူထောင် ပေးအောင် အစိုးရအပေါ် လေးလေးနက်နက်တိုက်တွန်းရန် လိုအပ်သည်။

၁

နိဒါန်း

အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဌာန (USIP) က ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော မြန်မာနိုင်ငံဆိုင်ရာ တရားဥပဒေ စိုးမိုးရေး အစီရင်ခံစာတွင်ဖော်ပြထားသည်မှာ မြန်မာနိုင်ငံသားများသည် သိသင့်သိထိုက်သော ဥပဒေများ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ယေဘုယျအားဖြင့် လုံးဝနီးပါး သိရှိနားလည်ခြင်း မရှိကြောင်း တွေ့ရှိခဲ့သည်။ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် စစ်အုပ်ချုပ်ရေးကြောင့် သာမန်ပြည်သူအများစုမှာ မိမိတို့ကို ကာကွယ်ပေးသည့် တရားရေးစနစ် ဆိုသည့်ဓလေ့တစ်ရပ် ရှိနေကြောင်းကို မတွေးမိကြပေ။ ရလဒ်အားဖြင့် နိုင်ငံသားများသည် ၎င်းတို့၏ နေ့စဉ်ဘဝကို အကျိုးရှိစေမည့်၊ ကာကွယ်ပေးမည့် တရားရေးစနစ် ရှိနေသည်ကို မေ့လျော့နေကြသည်။ ထို့ကြောင့် ခြုံပြောရလျှင် လူထုအတွင်း အငြင်းပွားဖွယ် ကိစ္စများ ပေါ်ပေါက်လာပါက ဒေသန္တရ အာဏာပိုင်များ သို့မဟုတ် တရားရုံးများနှင့် ဆက်ဆံရာတွင် ဥပဒေဆိုင်ရာ ဗဟုသုတမရှိမှုနှင့် ကျွမ်းကျင်မှု မရှိခြင်းကြောင့် များစွာသော နိုင်ငံသား တို့မှာ ၎င်းတို့၏ ဥပဒေရေးရာ ကိစ္စရပ်များအတွက် မျှတသည့် စီရင်ဆုံးဖြတ်ချက်ကို ရှာဖွေရန် အခက်အခဲ ဖြစ်နေရသည်။

ဤနောက်ခံအခြေအနေတွင် LGBT တို့၏ လူ့အခွင့်အရေးတို့မှာ ချောင်ထိုး ခံနေရသည်။ မြန်မာ့ယဉ်ကျေးမှုနှုန်းစံများတွင် နစ်မြုပ် နေသောအရာဖြစ်သည့် လိင်တူချစ်သူများကို ကြောက်ရွံ့မှု ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ် နေခြင်းကလည်း LGBT များကို လူနည်းစုတစ်ခုအသွင်ဖြင့် ဖိနှိပ်ခြင်း နှင့် ခွဲခြားဆက်ဆံခြင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခံစားနေကြရစေသည်။ စံသွေသော လိင်ဆန္ဒသဘာဝနှင့် ကျားမကွဲပြားမှုများကို လုံးလုံး လျားလျား ဆန့်ကျင်သည့်သဘောကို ဥပဒေအမြောက်အများတွင် တွေ့ရသည်။ ထိုဥပဒေများသည် LGBT တို့ကို နှောင့်ယှက်ရန်၊ ဖိနှိပ်ရန် နှင့် အပြစ်ပေးရန်အတွက် တစ်စိုက်မတ်မတ် အသုံးပြုလာသည့် ဥပဒေများဖြစ်သည်။ ၎င်းတို့မှာ ရာဇသတ်ကြီး ပုဒ်မ ၃၇၇ နှင့် ရဲအရေးပိုင်သည့် “မှောင်ရိပ်ခိုမှုနှင့် ရုပ်ဖျက်မှု” ဟုခေါ်သောဥပဒေများပင် ဖြစ်သည်။ [1] LGBT တို့သည် စာသင်ကျောင်း၊ လုပ်ငန်းခွင်နှင့် ၎င်းတို့၏ မိသားစုအတွင်း အပါအဝင် ပုဂ္ဂလိက နေရာများနှင့် အများပြည်သူပိုင် နေရာများတွင် မကြာခဏဆိုသလို လူ့အခွင့်အရေး ချိုးဖောက်ခံနေရသူများ ဖြစ်ပြီး ၎င်းတို့ ဘာသာ လွတ်လွတ်လပ်လပ် ၎င်းတို့ စိတ်တိုင်းကျသဘာဝကိုထုတ်နိုင်သည့် လုံခြုံသောနေရာများ ပျောက်ဆုံးနေဆဲ ဖြစ်သည်။ ၎င်းတို့အပေါ် ရန်လိုသော ယဉ်ကျေးမှု အခြေအနေ ရှိနေခြင်း ကလည်း မတော်မတရား ပြုကျင့်ခံရသူများကို ဥပဒေ အထောက်အပံ့ ရရှိအောင် ကြိုးစား ရာတွင် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုကိုဆိုးရွားစွာလျော့နည်းသွားစေသည်။ LGBT အသိုင်းအဝိုင်းသည် ၎င်းတို့ ရသင့်ရထိုက်သော ဥပဒေအခွင့်အရေးများကိုလည်း အခြေခံကျကျ သိရှိထားပုံမရပေ။ လွန်ခဲ့သော ငါးနှစ် အတွင်း ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ပြုပြင်ပြောင်းလဲမှုများ သိသိသာသာ ရှိခဲ့သော်လည်း ကျားမကွဲပြားမှုနှင့် လိင်စိတ်စံလွဲသူများ အပေါ် ထိခိုက်နစ်နာနေစေသော တရားမမျှတမှုနှင့် ဖိနှိပ်မှုများကို ကျော်လွှားနိုင်ရန်အတွက်မူ ခရီးရှည်ချီတက်ရန် လိုအပ်နေပါသေးသည်။

ဤအစီရင်ခံစာတွင် USAID ၏ တရားဥပဒေ စိုးမိုးရေး မြှင့်တင်မှုစီမံကိန်း ၏ ပံ့ပိုးမှုဖြင့် Colors Rainbow (CRB) က ဆောင်ရွက်လျက် ရှိသော ပြည် (ပဲခူးတိုင်း)၊ မော်လမြိုင် (မွန်ပြည်နယ်) နှင့် လှိုင်သာယာ (ရန်ကုန်တိုင်း) တို့ရှိ LGBT တို့ကို ဥပဒေဆိုင်ရ ပံ့ပိုးမှု ပေးရန် ဦးတည်သည့် “LGBT များအတွက် တရားဥပဒေ စိုးမိုးရေးရှေ့ပြေးစီမံကိန်း”ကို စောင့်ကြည့် လေ့လာ အကဲဖြတ်ခြင်းမှ တွေ့ရှိချက်များကို အသေးစိတ် ဖော်ပြထားသည်။ စောင့်ကြည့်လေ့လာ အကဲ ဖြတ်ခြင်းအတွက် ပြင်ပ အကြံပေး တစ်ဦးက တာဝန်ယူပြီး တွေ့ရှိချက်များကို CRB အဖွဲ့နှင့် ပူးတွဲလေ့လာသုံးသပ်ကြသည်။

အစီရင်ခံစာကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။ ပထမဦးစွာ LGBT များအတွက် တရားဥပဒေ စိုးမိုးရေး ရှေ့ပြေးစီမံကိန်းအကြောင်း အကျဉ်းချုံး ဖော်ပြသည်။ ထို့နောက် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း (M+E) ဆောင်ရွက်သည့် နည်းလမ်းကို အကျဉ်းမျှ ရှင်းလင်းပြီး လေ့လာတွေ့ရှိချက်များကို ဆက်လက် ဖော်ပြသည်။ တွေ့ရှိချက်များကို အပိုင်း သုံးပိုင်း ခွဲခြားသည်။

၁) LGBT တို့ကို ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကြဉ် ခြင်းဆိုင်ရာ အဓိက ပြဿနာများကို လေ့လာခြင်းနှင့် ဆက်စပ်လျှက် ရပ်မိရပ်ဖများ၊ ပညာသည်များနှင့် စီမံကိန်းတွင် ပါဝင်သော အာဏာပိုင်များ၏ သဘောထား၊
၂) LGBT အတွက် တရားဥပဒေ စိုးမိုးရေး ရှေ့ပြေးစီမံကိန်း၏ အကျိုးသက်ရောက်မှု၊
၃) CRB စီမံကိန်း အကောင်အထည်ဖော်ရာတွင် တွေ့ကြုံခဲ့ရသော အဓိက အခက်အခဲများ။

အစီရင်ခံစာကို မူဝါဒချမှတ်သူများနှင့် အနာဂတ် စီမံကိန်းအကောင်အထည်ဖော်မည့် သူများ အတွက် အကြံပြုချက်များဖြင့် အဆုံးသတ်ထားသည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များသည် ပြဿနာ၏ကိုင်းဖျားကိုင်းနားမျှသာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး LGBT တို့နှင့် သက်ဆိုင်သော တရားဥပဒေ စိုးမိုးရေး၊ ထို့ထက်ပို၍ အကျယ်ဆိုရလျှင် တရားသူကြီးများ၊ ရဲတပ်ဖွဲ့၊ တရားခံရှေ့နေများ၊ တရားရုံး လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေကို ကျင့်သုံးခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ထဲထဲဝင်ဝင်လေ့လာဖို့ လိုအပ်သည်။ လက်ရှိ LGBT တို့ ကြုံတွေ့ခံစားနေရသည်တို့ကို လျော့ပါးအောင် ဆောင်ရွက်ရန်အတွက်မှာ အနာဂတ် စီမံကိန်းများအတွက် LGBT နှင့် ပညာရေး/ကျန်းမာရေး၊ LGBT နှင့် အလုပ်အကိုင်၊ LGBT နှင့် ခေါင်းဆောင်မှုဟူသော ခေါင်းစဉ်များဖြင့်လည်း သီးခြားလေ့လာရန် မရှိမဖြစ် လိုအပ်နေကြောင်း ယခု တွေ့ရှိချက်များက မီးမောင်း ထိုးပြနေသည်။

[1] ကိုလိုနီခေတ် လက်ကျန် ရာဇသတ်ကြီး ပုဒ်မ ၃၇၇ သည် “ ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှု ” ကို တားမြစ်သည်။ ထိုပုဒ်မဖြင့် အမျိုးသားချင်း ချစ်ခင်စုံမက်သူနှင့် အမျိုးသမီးအဖြစ် ပြောင်းလဲခံယူနေထိုင်သူများကို ပစ်မှတ် ထားသည်။ သို့သော် “ကျူးလွန်သူများ” ကို ဤပုဒ်မဖြင့် အရေးယူခြင်း ရှားပါးပြီး ထောင်ဒဏ် ၁၀ နှစ်အထိ ချနိုင်သော ဤပုဒ်မဖြင့် ရဲတို့က LGBT တို့ကို ခြိမ်းခြောက် ပြီး ငွေညှစ်ကြသည်။ အဖမ်းခံရသူများထံမှလာဘ်ငွေ/ အခွင့်အရေးကို မျှော်ကိုး၍ ဖမ်းဆီးခြင်းမှာ ရဲအရေးပိုင်ပြီး ၃၇၇ ထက် ပြစ်ဒဏ် နည်းသော (နှစ်လ) “မှောင်ရိပ်ခိုမှုနှင့် ရုပ်ဖျက်မှု” ဥပဒေကို အသုံးပြု ဖမ်းဆီးပြီး ငွေညှစ်ခြင်းမှာ အဖြစ်များသော အကျင့်တစ်ခု ဖြစ်သည်။

၂

၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီးလက်ရှိဆောင်ရွက်ဆဲဖြစ်သော LGBT များအတွက် တရားဥပဒေ စိုးမိုးရေးရေ့ပြေးစီမံကိန်းတွင် အဓိက ရည်မှန်းချက် သုံးရပ် ရှိသည်။

က ဥပဒေစနစ်တွင် ယေဘုယျအားဖြင့် လူ့အသိုင်းအဝိုင်းအတွင်း LGBT များ ရင်ဆိုင်နေရသည့် ဆိုးကျိုးများကို မီးမောင်းထိုးပြရန်နှင့် ဖယ်ကြဉ် ခံထားရသူများကို နေရာပေးရန်၊

ခ ဥပဒေကို လက်တစ်လုံးခြားအသုံးချကာ LGBT တို့ကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ထောင်ချခြင်းတို့ကို မှတ်တမ်းတင်ရန်၊

ဂ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် အခြားသင့်လျော်သော အဖွဲ့အစည်းများတွင် LGBT တို့ ကိုယ်စားပြုမှု ပိုမိုရရှိရန်ထိုအဖြစ်အပျက်များကို မြန်မာနိုင်ငံ LGBT အခွင့်အရေး ကွန်ရက်၏ ဥပဒေအကြံပေးအဖွဲ့၊ လူ့အခွင့်အရေး ဆောင်ရွက်သူ ရှေ့နေများ၊ ဥပဒေစိုးမိုးရေး ဝန်ထမ်းများ၊ လွှတ်တော် အမတ်များ၊ မူဝါဒ ချမှတ်သူများထံသို့ တင်သွင်းရန် ၊

ဃ တရားဥပဒေ စိုးမိုးရေး ဝန်ထမ်းများနှင့် ဥပဒေအရာရှိများကို ၎င်းတို့၏ အပြုအမူတို့အတွက် တာဝန်ယူစေခြင်းဖြင့် လူ့အခွင့်အရေး လှုပ်ရှားမှုကို အထောက်အပံ့ပေးရန်နှင့် ပြည်သူလူထုအနေဖြင့် ဥပဒေအထောက်အပံ့ ယူရာတွင် တိုးတက်မှုရှိအောင် ကူညီရန်၊

စီမံကိန်း ကနဦးအဆင့်တွင် ရန်ကုန်၊ ပြည်နှင့် မော်လမြိုင်မြို့များ၌ လူ့အခွင့်အရေးနှင့် LGBT အခွင့်အရေး သင်တန်းများ ပေးခြင်းများ ပါဝင်သည်။ ၁၅ လ တာ ကာလအတွင်း အဆိုပါ မြို့တစ်မြို့စီတွင် သင်တန်း လေးကြိမ်စီ ပေးခဲ့သည်။ သင်တန်း တစ်ခုစီတွင် သင်တန်းသား အသစ်များ ပါဝင်သည်။ စုစုပေါင်း သင်တန်းအားလုံးမှ LGBT များနှင့် LGBT မဟုတ်သူများ အပါအဝင် စုစုပေါင်း လူ ၂၇၀ အကျိုးရရှိခဲ့သည်။

အဆိုပါ သင်တန်းများမှ စိတ်ပါဝင်စားသူများကို ရွေးချယ်ကာ ရှေ့နေအကူများအဖြစ် မွမ်းမံသင်တန်းများ ထပ်မံပေးခဲ့သည်။ အဆိုပါ သင်တန်းသားများကို လူ့အခွင့်အရေး အယူအဆများ၊ LGBT တို့ကို တိုက်ရိုက်ဒုက္ခပေးနေသည့် တည်ဆဲဥပဒေများ အကြောင်း သင်တန်းပေးပြီး ဥပဒေနည်းကျမှတ်တမ်းတင်သည့် ကျွမ်းကျင်မှုများရှိလာအောင် လေ့ကျင့် သင်ကြားပေးခဲ့သည်။ စီမံကိန်း ဒေသများမှ LGBT တို့အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်နှင့် ဥပဒေ အထောက်အပံ့ ပေးနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအထိ ရှေ့နေအကူ ၂၃ ယောက်ကို CRBက ရွေးချယ် စုဆောင်းနိုင်ခဲ့သည်။

အမှန်တကယ်အားဖြင့် ဖော်ပြခဲ့သည့်အတိုင်း ဤစီမံကိန်းသည် ရပ်ရွာလူထုကို ဥပဒေ အထောက်အပံ့ရရှိစေရေး ကူညီပေးရန် ဖြစ်သည့်အတွက် ရှေ့နေအကူများက မှတ်တမ်းတင် တိုင်ကြားခဲ့သော အမှုများတွင် LGBT မဟုတ်သူများ၏ အမှုများလည်း ပါဝင်သည်။ အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် တိုင်ချက်ဖွင့်၊ အမှုလွှဲပြောင်းပေးခဲ့သော အမှု စာရင်းကို တင်ပြထားသည်။

၃

စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ နည်းနာ

စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းအတွက် လူတွေ့မေးမြန်းခြင်းများကို အဆင့် သုံးဆင့်ဖြင့် ဆောင်ရွက်သည်။

ပထမဆင့်တွင်၂၀၁၅ ခုနှစ် ဇန်နဝါရီလက စီမံကိန်းနယ်မြေ သုံးခုတွင် LGBT တို့နှင့် လူတွေ့မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။ လူတွေ့မေးမြန်းခြင်းကို သင်တန်း တက်သူများရော သင်တန်း မတက်သူများဖြင့်ပါ ပြုလုပ်ခဲ့သည်။ ဒုတိယဆင့်ကို ၂၀၁၅ ခုနှစ် မေလတွင် ပြုလုပ်ခဲ့ပြီး LGBT များ၊ ....ရပ်မိရပ်ဖများ၊ ရဲ၊ မီဒီယာ၊ NGO ဝန်ထမ်းများ၊ ရှေ့နေများ၊ လွှတ်တော်ကိုယ်စားလှယ်များများနှင့် ဝန်ကြီးများကို လူတွေ့မေးမြန်းခြင်း ပြုလုပ်ခဲ့သည်။ တတိယအဆင့်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဆောင်ရွက်ခဲ့ပြီး ပထမဆင့်နှင့် ဒုတိယဆင့်တွင် လူတွေ့မေးမြန်းခဲ့သော LGBT များနှင့် ရပ်မိရပ်ဖများကို လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင်ရှေ့နေအကူများနှင့် စီမံကိန်း ကနဦး အဆင့်တွင် ပါဝင်သော Colors Rainbow ဝန်ထမ်းများကပေးသည့် လူ့အခွင့်အရေး သင်တန်းသို့ တက်ခဲ့သော သင်တန်းသားဟောင်းများကိုလည်း လူတွေ့မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

အစီရင်ခံစာအတွက် အဓိက အသုံးပြုသော နည်းလမ်းများမှာ ဦးတည်အုပ်စု ဆွေးနွေးပွဲများ (FGD)၊ အဓိက သတင်းအချက်အလက် ပေးနိုင်သူနှင့် လူတွေ့ မေးမြန်းခြင်း (KII) ဖြစ်ပြီး လူ့အခွင့်အရေးနှင့် LGBT အခွင့်အရေး သင်တန်းများ တက်ခဲ့သည့် LGBT များနှင့် ရှေ့နေအကူများဖြင့် ပြုလုပ်ခဲ့သည်။ KII နှင့် FGD တို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ရဲ အရာရှိများ၊ ဒေသခံ အာဏာပိုင်များ၊ NGO ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ရှေ့နေများဖြင့် စီမံကိန်း ဧရိယာများ တွင် ပြုလုပ်ခဲ့သည်။ လူတွေ့မေးမြန်းခြင်းများ မပြုလုပ်မီ တွေ့ဆုံမေးမြန်း ရန်သဘောတူညီမှုကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ကြိုတင်ရယူသည်။ ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းသူများ၏ ကိုယ်ရေးအချက်အလက် များကို လျှို့ဝှက်ထားပေးသည်။

၄-၁

ပါဝင်ဆွေးနွေးသူ LGBT တို့၏ ခွဲခြားဆက်ဆံမှုအတွေ့အကြုံများနှင့် အများပြည်သူ၏ အယူအဆများ

အောက်ပါဆွေးနွေးတင်ဆက်မှုကို စီမံကိန်းအစောပိုင်းတွင် LGBT တို့နှင့် ပြုလုပ်ခဲ့သည့် FGD များ၊ LGBT မဟုတ်သူများ (ရှေ့နေ၊ ရဲအရာရှိများနှင့် အခြား မြို့မျက်နှာဖုံးများ) နှင့် ပြုလုပ်ခဲ့သည့် FGD များနှင့် KII များအပေါ် အခြေခံသည်။ LGBT တို့ ခံစားရသော ဖယ်ကြဉ်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကိုပုံဖော်ရာတွင် လေ့လာတွေ့ရှိချက်များ၊ ကာယကံရှင် ထွက်ဆိုချက်များနှင့် LGBT အသိုင်းအဝိုင်း ပြင်ပမှ ရပ်ရွာလူထု ခေါင်းဆောင်များ၏ အမြင်များမှ တစ်ဆင့် ဆက်စပ်ရယူသည်။

LGBT မဟုတ်သော ရပ်မိရပ်ဖများနှင့် ကနဦး စကားပြောခြင်း

စီမံကိန်းတွင် ပါဝင်သော ရပ်မိရပ်ဖများ၊ အစိုးရ အရာရှိများနှင့် ဥပဒေပညာသည်များ နှင့် ကနဦး စကားပြောစဉ်တစ်လျှောက် ၎င်းတို့ထဲမှ အတော်များများသည် LGBT တို့ ခံစားရသော ခွဲခြားဆက်ဆံမှုကို လျှော့လျှော့ပေါ့ပေါ့ ပြောဆိုခြင်း သို့မဟုတ် ထိုသို့ ခွဲခြားဆက်ဆံခြင်း မရှိပါဟု လုံးလုံးလျားလျား ငြင်းဆန်ခြင်းများ ရှိခဲ့သည်။ ထို့ပြင် LGBT တို့သည် ၎င်းတို့အပေါ် လူအများမုန်းတီးလာအောင် ၎င်းတို့ကိုယ်တိုင် ဖန်တီးကြသည်ဟု ထင်ကြောင်းပင် အချို့ ပုဂ္ဂိုလ်များက ပွင့်လင်းစွာ ပြောကြားခဲ့သည်။ လိင်စိတ်တိမ်းညွှတ်မှု၊ ကျား-မ ဝိသေသလက္ခဏာနှင့် ကျား-မ အမူအယာများဆိုင်ရာ ကွဲပြားခြားနားချက်များ နှင့်စပ်လျဉ်း၍ စာနာထောက်ထားသည့်စိတ်သဘောထားမျိုးနှင့် အလေ့အကျင့်များ မရှိသလောက်ဖြစ်သည်မှာလည်း အထူးအဆန်းမဟုတ်ပေ။ အမှန်တကယ်တမ်း ပြောရ လျှင် LGBT အသိုင်းအဝိုင်းတစ်ခုလုံးရှိ ဝိသေသလက္ခဏာ အမျိုးမျိုး တို့ကို တလေးတစား လက်ခံပေးစရာဟူ၍ပင် သင်တန်းသားအများစုက အသိအမှတ်မပြုကြပေ။ တဖန် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မတော်မတရား ပြုကျင့်ခြင်းတို့အကြောင်း ဆွေးနွေးသော အခါတွင်လည်း ထိုသို့ ဖြစ်ခြင်းမရှိဟု ငြင်းဆန်လိုသည့် သဘောရှိတတ်သည်။ သို့မဟုတ်လျှင်လည်း ထိုသို့ ဆက်ဆံ ခံရခြင်းမှာလည်း ၎င်းတို့၏ မလျော်ကန်သော အပြုအမူ သို့မဟုတ် အနေအထိုင် မတတ်ခြင်းတို့ကြောင့် ထိုသို့ ခံစားရအောင် ဖိတ်ခေါ်သလို ဖြစ်သည်ဟူ၍ နစ်နာသူကိုတရားခံရှာလိုသည့် သဘောကို တွေ့ရသည်။ ခြုံပြောရလျှင် LGBT တို့သည် HIV/AIDS ကဲ့သို့သော လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါပိုး များကို သယ်ဆောင်သူများဖြစ်သည်ဟုလည်း အမြင်ရှိကြပြီး ၎င်းတို့သည် ဆင်ခြင်တုံတရားနည်းသော၊ ဟိရိဩတ္တပ္ပ ကင်းမဲ့သော၊ တဏှာရာဂ အားကြီး သောသူများ ဖြစ်သည်ဟုလည်း စွပ်စွဲကြသည်။ မြန်မာ့ ရှေးရိုးစွဲယဉ်ကျေးမှုတွင် ထိုအချက်များကို မကောင်းမှုများအဖြစ် မှတ်ယူကြပြီး လိင်ကိစ္စသည် မဆွေးနွေး အပ်သော အကြောင်းအရာ အဖြစ် မှတ်ယူထားကြဆဲ ဖြစ်သည်။ ထို့ပြင် မှုခင်း အသေးများ ဖြစ်လျှင်လည်း ၎င်းတို့ကို ပထမဆုံး တန်းစွပ်စွဲကြောင်း LGBT သင်တန်းသားများက ပြောပြသည်။

အချို့သော LGBT မဟုတ်သူများကမူ ၎င်းတို့အနေဖြင့် LGBT တို့ကို လူ့အသိုင်း အဝိုင်းတွင် လက်ခံလိုကြောင်း သို့သော် ခေါင်းဆောင်မှုအပိုင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုအပိုင်းနှင့် ရဲ သို့မဟုတ် စစ်တပ်တို့တွင် တာဝန်ထမ်းဆောင်ခြင်းတို့တွင်မူ အမျိုးသားခြင်း ချစ်ခင်စုံမက်သူများကို ပါဝင်ခွင့်ပြုရန် မသင့်ကြောင်း အကြိမ်ကြိမ် ပြောဆိုကြသည်။ အကြောင်းမှာ ထိုသို့သော နေရာများကို “အနာဂတ် ခေါင်းဆောင်” ဖြစ်နိုင်မည့် သူများကိုသာ ပေးသင့်သောကြောင့်ဟု ဆိုသည်။ ယေဘုယျအားဖြင့် LGBT တို့သည် လူ့အသိုင်းအဝိုင်းတွင် ခေါင်းဆောင်အခန်းကဏ္ဍတွင် မရှိသင့်ဟု ယူဆကြပြီး အထူးသဖြင့် အမျိုးသားခြင်း ချစ်ခင်စုံမက်သူများသည် မိတ်ကပ်ပညာရှင်၊ ဖျော်ဖြေရေးနှင့် နတ်ကတော် အလုပ်များကိုသာ လုပ်သင့်သည်ဟု ခံယူကြသည်။ ထိုအယူအဆ သဘောထားများမှာ ယောကျ်ားများက မိန်းမများထက် ပို၍ မြင့်မြတ်သည် ဟူသော မြန်မာတို့၏ အစဉ်အလာ ယုံကြည်မှုမှ အများဆုံး ဆင်းသက်လာခြင်း ဖြစ်သည်။ ယောကျ်ားခြင်း ချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးအဖြစ် ပြောင်းလဲခံယူ နေထိုင်သူ များသည် မြင့်မြတ်သော ယောကျ်ားဘဝကို ၎င်းတို့ဘာသာ စွန့်လွှတ်ကြသူများ၊ ၎င်းတို့၏ မွေးရာပါလိင်အတိုင်း မနေထိုင်ကြသူများ ဖြစ်သည့်အလျောက် နိမ့်ကျသူများဖြစ်ပြီး လူ့အသိုင်းအဝိုင်းတွင် အရေးပါသော အခန်းကဏ္ဍများတွင် ပါဝင်ရန် မသင့်တော်ဟု ရှုမြင်ကြသည်။ ဆုံးဖြတ်ချက်ချရသော နေရာများ၊ ခေါင်းဆောင်နေရာများသို့ LGBT များ ရောက်ရှိနိုင်သည့် အခွင့်အရေး နည်းပါးသည့် အတွက် ၎င်းတို့သည်လည်း လူသားများပင် ဖြစ်ကြောင်း ပိုမို အသိအမှတ်ပြု ခံနိုင်ရမည့် အခွင့်အလမ်းများ ဆုံးရှုံးနေရသည်ကို ဤအချက်က မီးမောင်းထိုးပြသည်။ အချို့သောဦးဆောင်သူများမှာ လက်ရှိအခြေအနေ အားလုံးအတွက် ပညာရေးစနစ်နှင့် အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်းတို့ကို လက်ညှိုးထိုးကြခြင်းကို ကြည့်လျှင် ဓလေ့ထုံးတမ်းယဉ်ကျေးမှုများက ဖန်တီးထားသည့် မမျှတမှုတို့ကို LGBT တို့ မည်မျှအထိ ရင်ဆိုင်နေရကြောင်းကို ၎င်းတို့လည်းသိပြီး ဖြစ်သည်ကို ဆဝါးနိုင်သည်။

လူသားအားလုံးသည် ဥပဒေ၏ အကာအကွယ်ကို တူညီစွာ ရရှိခွင့်ရှိပြီး နိုင်ငံတော် အနေဖြင့် ဥပဒေစနစ်နှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်အောင် လုပ်ရန် တာဝန်ရှိသည်ဟု ရှေ့နေများကဆိုသည်။ သို့သော် LGBT အသိုင်းအဝိုင်းအတွက် မျှတသော ဥပဒေ အကာအကွယ်ကို ရရှိစေရန် မည်သို့ ဆောင်ရွက်သင့်သည်ကိုတော့ အသေးစိတ် မဖော်ပြကြပေ။ LGBT တို့အကြောင်း အသိပညာပေးရေး အစီအစဉ်များကို လူပုဂ္ဂိုလ် တစ်ဦးချင်းစီအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့် သော်လည်းကောင်း ပြုလုပ်ပေးခြင်းသည် အရေးကြီးသော တာထွက်မှတ် တစ်ခု ဖြစ်ကြောင်း၊ ထိုသို့ အသိပညာပေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်လျှင် ဥပဒေလောကသားများအကြား LGBT အရေးကိစ္စများ လက်ခံ မြှင့်တင်ဆောင်ရွက် လိုသည့် စေတနာများ ရှိလာနိုင်သည်ဟု ၎င်းတို့ကယုံကြည်ကြောင်း တွေ့ဆုံမေးမြန်း ခဲ့သူတစ်ဦးက ဆိုသည်။

LGBT ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဖြင့် အလေးဂရုပြုကြဖို့လိုသည့် ကိစ္စတွင် လှိုင်သာယာမြို့နယ်မှ ရဲများသည် သိသိသာသာ ဆန့်ကျင်လိုသည့်သဘောကို တွေ့ရသည်။ ထိခိုက်ခံစားရသူများအနေဖြင့် တရားမျှတမှုကို ရှာဖွေနိုင်မည့် နည်းလမ်းများ ရှိလာရေးမှာ အထူး ခက်ခဲမည့်ပုံ ပေါ်သည်။ ထို့ပြင် တရားဥပဒေ စိုးမိုးရေး ဝန်ထမ်းများသည် ၎င်းတို့၏ အပြုအမူအတွက် တာဝန်ခံရန် မလိုဟူ၍ လူအများ၏ စိတ်တွင် ခံယူနေကြဟန် ရှိသည်။ အမှန်တွင်မတရားပြုမူ ကျင့်ကြံမှုများ ရှိသည့်အခါ တိုင်ကြားလာပါက ရဲများက ပူးပေါင်းဆောင်ရွက်ကြသော်လည်း ရဲများကိုယ်တိုင် မမှန်မကန် ပြုကျင့်သည့် ကိစ္စများ ပေါ်ပေါက်လာလျှင်မူ လျစ်လျူရှုကြကြောင်း ရဲအရာရှိ တစ်ဦးက အတိအလင်း ပြောကြားသည်။ ယေဘုယျ ခြုံပြောရလျှင် ရဲဌာနများနှင့် LGBT အသိုင်းအဝိုင်းအကြားတွင် ကောင်းမွန်သည့် ဆက်သွယ်ရေး လမ်းကြောင်းများ မရှိဘဲ ဖြစ်နေပြီး ထိုအချက်က ရဲနှင့် LGBT တို့အကြား ရန်သူဆက်ဆံရေးကို ပိုမို ဆိုးဝါးစေသည်။

တွေ့ရှိချက်များ

LGBT တို့နှင့် ကနဦး စကားပြောခြင်း

သင်တန်းသား အများစုက ၎င်းတို့သည် ကလေးဘဝမှ စတင်ပြီး ခွဲခြားဆက်ဆံမှုနှင့် မတော်မတရား ပြုကျင့်မှုကို ခံကြရသည်ဟု ဆိုသည်။ LGBT အများစုမှာ မြန်မာ့ လူ့အဖွဲ့အစည်းတွင် LGBT တို့အပေါ် မလိုလား မနှစ်မြို့တတ်မှုကြောင့် ၎င်းတို့၏ လိင်သဘာဝကို မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များမသိအောင် ဖုံးကွယ်ထားကြရသည်။ ၎င်းတို့၏ လိင်သဘာဝကို ပွင့်ပွင့်လင်းလင်း ဖော်ပြသူများ အနေဖြင့်လည်း မိသားစုကို အရှက်ရစေသူဟု ခံစားရအောင် လုပ်ခြင်း၊ မိသားစုမှ စွန့်ပစ်ခြင်းတို့ကိုခံရခြင်းမှာလည်း အဖြစ်များသည့် ကိစ္စဖြစ်သည်။ လူအများရှေ့တွင် LGBT အဖြစ် (အပြုအမူအရဖြစ်စေ၊ အဝတ်အစားအရဖြစ်စေ) ပွင့်လင်းစွာ နေထိုင်ကြသူများသည် နှောင့်ယှက်ခြင်း၊ အနိုင်ကျင့်ခြင်းများကို မကြာခဏ ခံကြရသည်။ ဘုရားများ၊ လမ်းများ၊ လက်ဖက်ရည်ဆိုင်ကဲ့သို့သော အများပြည်သူ သွားလာသည့် နေရာများတွင် LGBT များအနေဖြင့် နှုတ်အားဖြင့် စော်ကားခံရခြင်းကို သင်တန်းသား အများစု ခံစားကြဖူး သည်ဟု ဝန်ခံကြသည်။ များစွာသော LGBT များကလည်း လူမြင်ကွင်းတွင်ပင် ပေါ်ပေါ်ထင်ထင် လိင်ပိုင်းဆိုင်ရာ စော်ကားတိုက်ခိုက် ခံကြရသည်ဟုလည်း တင်ပြ ကြသည်။ သင်တန်းသားအများစုက ၎င်းတို့ လိုင်းကား စီးသည့်အခါ နှုတ်ဖြင့် ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ လိင်ပိုင်းဆိုင်ရာ စော်ကား တိုက်ခိုက်ခြင်း ခံရနိုင်ခြေ များကြောင်း ပြောကြားကြပြီး အချို့က ၎င်းတို့အနေဖြင့် လမ်းများထဲတွင် ကလေးများက ခဲများဖြင့် ပစ်ပေါက်ခံရကြောင်း LGBT တို့ကို အားနွဲ့သူများအဖြစ် အမြင်ရှိကြသည့် အတွက် မကြာခဏ ဓားပြတိုက်ခံရလေ့ရှိကြောင်း ၎င်းတို့ အများစုက ပြောကြားသည်။ ယေဘုယျအားဖြင့် ၎င်းတို့ကို ရပ်ရွာလူထုရှိ အခြားသူများက သံသယစိတ်၊ ရွံရှာစိတ်များဖြင့် ဆက်ဆံကြသည်ဟု ဆိုသည်။ LGBT တို့သည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် ပုံစံမျိုးစုံဖြင့် မတော်မတရား ပြုကျင့်ခံရမှု၊ အကြမ်းဖက် ခံရမှုတို့ကြောင့် ၎င်းတို့ အနေဖြင့် ကိုယ့်ရပ်ကိုယ့်ရွာ မှာပင်လွတ်လပ် လုံခြုံစွာဖြင့် မနေထိုင်နိုင်အောင် ဖြစ်ရသည်။

တက်ရောက်ဆွေးနွေးသည့် LGBT တို့သည် အခြေခံ လူ့အခွင့်အရေး ဗဟုသုတ များကိုပင် အသိအလွန်နည်းကြပြီး ၎င်းတို့၏ နေ့စဉ်ဘဝတွင် ကြုံတွေ့ကြရသော ဖယ်ကြဉ်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုတို့ကို စောဒက မတက်ကြဘဲ ကြိတ်မှိတ် လက်ခံနေကြသည်ဟု သိရသည်။ စိုးရိမ်ဖွယ် အကောင်းဆုံး အချက်မှာ အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ပြုလုပ်သူများထဲတွင် တရားဥပဒေ စိုးမိုးရေး ဝန်ထမ်းများ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များ ကိုယ်တိုင် ပါဝင်နေခြင်းပင်ဖြစ်သည်။ ရဲတို့က LGBT တို့ကို ဖမ်းဆီးမည်ဟု မကြာခဏ ခြိမ်းခြောက်ခြင်း (သို့မဟုတ် ဖမ်းဆီးပြီး ငွေပေးမှ လွှတ်ပေးခြင်း) နှင့် နှုတ်အားဖြင့်ဖြစ်စေ ကိုယ်ထိလက်ရောက်ဖြစ်စေ စော်ကားခြင်းတို့မှာ အမြဲတစေလိုဖြစ်ပွားနေကြောင်း ဆွေးနွေးသူများ ပြောကြားသည်။ ၎င်းတို့အပေါ် မတော်မတရား ပြုကျင့်သူများတွင် လမ်းသရဲများ၊ သက်တူရွယ်တူများ၊ မိသားစုဝင်များ၊ ဆရာ/ဆရာမများ၊ အလုပ်ရှင်များ၊ အချို့သော ဥပဒေဝန်ထမ်းများနှင့် ရပ်မိရပ်ဖများပင် ပါဝင်သည်ဟု ဆိုကြသည်။ ဥပမာ - အမျိုးသားချင်း ချစ်ခင်စုံမက်သူနှင့် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ ကျောင်းသားများကို အတန်းသားများရှေ့တွင် ဆရာဆရာမများက မကြာခဏ အရှက်ခွဲခြင်း၊ သို့မဟုတ် ယောကျ်ားလေးလို/ မိန်းကလေးလို မဝတ်သည့် ကျောင်းသူ ကျောင်းသားများကို အပြစ်ပေးခြင်းများ ပြုလုပ်ကြသည်။ သက်တူရွယ်တူ များနှင့် ဆရာ/ဆရာမတို့၏ အနိုင်ကျင့်မှုများကြောင့် LGBT တို့မှာ စောစီးစွာ ကျောင်းမှ ထွက်ရပြီး ယင်းမှာ ၎င်းတို့ဘဝအတွက်ကြီးမား သည့် နစ်နာမှုကြီး ဖြစ်သည်။ ကိုယ်တိုင် ကြုံတွေ့ရသူများထံမှ ရရှိသော အချက် အလက်များအရ LGBT တို့အပေါ် စိတ်ကြိုက် ကျူးလွန်နေသော အကြမ်းဖက် မတရား အနိုင်အထက်ပြုကျင့်သူများသည် မည်သို့သော အပြစ်ဒဏ်မျိုးကိုမျှ မရရှိကြဟု သိရသည်။

သာဓကအားဖြင့် အမျိုးသမီးအဖြစ် ပြောင်းလဲခံယူနေထိုင်သူ လှိုင်သာယာမြို့နယ်၌ နေထိုင်သည့် မအိက ရဲများ၏အနိုင်ကျင့်ခံခဲ့ရပုံကို ကြည့်နိုင်သည်။ သူမ အလုပ် လုပ်သော ဆိုင်မှ အိမ်သို့ လမ်းလျှောက်ပြန်လာစဉ် ရဲတစ်စုက သူမကို ရပ်တန့်ကာ ဘယ်ကလာလဲ၊ ဘယ်ကိုသွားမှာလဲ ဟု မေးမြန်းကြသည်။ သူမက အလုပ်မှ အိမ်သို့ ပြန်နေကြောင်း ပြောသောအခါ ရဲတစ်ယောက်က သူမ လိမ်ပြောနေသည်ဟု စွပ်စွဲသည်။ ထိုရဲက သူမသည် မကောင်းသည့်အရာပြုလုပ်ရန် ရည်ရွယ်နေသည့် စွပ်စွဲသည့် သဘောမျိုး ပြောသည်။ နောက်ရဲတစ်ယောက်က အောက်ပါအတိုင်း ဝင်ပြောသည်ဟု ၎င်းက ဆိုသည်။

> ဆရာ ဒီ အရှက်မရှိတဲ့ အခြောက်ကို လွယ်လွယ်နဲ့ လွှတ်မပေး သင့်ဘူး။ သူ့ကို အဝတ်တွေ ချွတ်ခိုင်းပြီး အိမ်ကို ကိုယ်တုံးလုံး လမ်းလျှောက် ပြန်ခိုင်းရအောင်

အရာရှိကလည်း ထိုသို့ အရှက်ခွဲရန် သဘောတူခဲ့ပြီး သူမကို လမ်းပေါ်တွင် အဝတ်များ ချွတ်ခိုင်းခဲ့သည်။ လုံချည်နှင့် ရှပ်အင်္ကျီကို ချွတ်ရာတွင် နှေးနေသည်ကို စိတ်မရှည်သည့် ထိုရဲများက သူမ၏ အတွင်းခံကို အဓမ္မချွတ်ခိုင်းသည်။ သူမလည်း ရှက်ရှက်ဖြင့် အနီးရှိ ကွင်းပြင်ထဲသို့ ထွက်ပြေးခဲ့ရာ ရဲများက သူမကို လောက်လေးခွဖြင့် နောက်မှ လိုက်ဖမ်းသည်။ သူမက အိမ်သို့ အဝတ်မပါဘဲ ထွက်ပြေးခဲ့ရသည်။ အလားတူ နှောင့်ယှက် မတရားပြုမှုများမှာ ဖြစ်လေ့ရှိပြီး အထူးသဖြင့် အမျိုးသမီး အဖြစ် ပြောင်းလဲခံယူ နေထိုင်သူတို့တွင် အဖြစ်များသည်။ အခြားသော သင်တန်းသား များကလည်း ရဲများက ၎င်းတို့ကို ဘုရား၊ ကျောင်းကဲ့သို့သော ဘာသာရေးနှင့် ဆိုင်သည့် နေရာများမှ မောင်းထုတ်ကာ အိမ်တွင် နေခိုင်းသည့် နှောင့်ယှက် မတရားကျင့်မှုများ ရှိကြောင်း ပြောသည်။ ထိုသို့ ပေါ်တင်နှောင့်ယှက်သည့် အဓိက တရားခံများမှာ ဥပဒေကို ကာကွယ်စောင့်ရှောက်ရသူများ ဖြစ်သည့်အခါ နစ်နာခံစားရသော LGBT တို့အတွက် မည်သူ့ကိုသွားတိုင်ရမည်မှန်းမသိသည့် အခက်အခဲရှိကြောင်း သိသာလှသည်။

အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများနှင့် အမျိုးသားအဖြစ် ပြောင်းလဲခံယူနေထိုင်သူများ (ယောကျ်ားလျာ သို့မဟုတ် တွမ်ဘွိုင်းဟု လူသိများသည်) သည် သင်တန်းများတွင် အနည်းငယ်သာ ပါဝင်သည်။ တကယ်တန်းတွင် CRB ကွန်ရက်များတွင် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ နှင့် တွမ်ဘွိုင်း အရေး တက်ကြွလှုပ်ရှားသူ သိသိသာသာ နည်းပါးသည်။ LGBT ခေါင်းစဉ်အောက်ရှိ မတူညီသော အုပ်စုများ အကြားသော်လည်းကောင်း၊ အမျိုးသမီး အခွင့်အရေး လှုပ်ရှားသူအဖွဲ့များနှင့် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ/ ဆန့်ကျင်ဘက် လိင် အဖြစ် ပြောင်းလဲခံယူနေထိုင်သူ အဖွဲ့အစည်းများအကြားသော်လည်းကောင်း ဆက်သွယ် ရေး ပြတ်တောက်ခြင်းနှင့် အပြန်အလှန် ဆက်ဆံမှု ကြီးကြီးမားမား ကင်းမဲ့နေသည်ဟု ယူရသည်။ မြန်မာ့ လူ့အဖွဲ့အစည်းတွင် ယောကျ်ားကို ဦးစားပေးသည့် ဓလေ့ကြောင့် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူနှင့် အမျိုးသားအဖြစ် ပြောင်းလဲခံယူ နေထိုင်သူတို့သည် လိင် ခံယူချက်နှင့် ပတ်သက်သည့် အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံမှုတို့ကို ခံရတတ်ပြီး

၄-၁

၎င်းတို့သည်လည်း အမျိုးသားချင်းချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးအဖြစ် ပြောင်းလဲခံယူ နေထိုင်သူများ ခံစားရသည့် အလားတူ မကောင်းမြင် အစွဲများကို ခံစားကြရသည်။

မ KP: ပြည်မှ သင်တန်းသားတစ်ဦး၏ အဖြစ်အပျက်သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသားအဖြစ် ပြောင်းလဲခံယူနေထိုင်သူ တစ်ဦး၏ ဘဝတွင် မတော်မတရား ပြုကျင့်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းခံရပုံကို သာဓကပြနေသည်။ သင်တန်းသားက ပြောသည်မှာ ပြီးခဲ့သည့်သင်္ကြန်ပွဲ မတိုင်ခင် သူမ၏ မိခင်က သူမကို သူငယ်ချင်းများနှင့် လည်ပတ်ခွင့် ပြုခဲ့ကြောင်း၊ လည်ရာမှ ပြန်လာသောအခါ အဖေဖြစ်သူက သူ့ထံမှ ခွင့်ပြုချက် မယူသည့်အတွက် ဒေါသထွက်ကာ သူ့ကို ရိုက်နက်ခဲ့ကြောင်း။ သူက အမေ၏ ခွင့်ပြုချက် ယူခဲ့ကြောင်း ပြောသောအခါ အဖေဖြစ်သူက အောက်ပါတိုင်း ပြောခဲ့သည်။

> "နင့်အမေက ဘာ ဇောက်ရေးပါလို့လဲ။ ငါက ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး။ ငါက ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး။ အဲဒီတော့ ငါ့ခွင့်ပြုချက် ယူရမယ်။ ပြီးတော့ ဒါက ဘာအဝတ်အစားလဲ။ ငါ နင့် ကို ယောကျ်ားလေးလို မဝတ်ရဘူးလို့ မပြောဘူးလား။"

သူ့အဖေကသူ့ကို အိမ်အပြင်ခေါ်ထုတ်ကာ အဝတ်များချွတ်ပြီး ခါးပတ်ဖြင့် ရိုက်သည်။ အိမ်ပြန်လာပါကသတ်ပစ်မယ်ဟုလည်း သူ့ကို ပြောသည်။ "ကိုယ်ဟာကိုယ်လည်း ငုံ့ကြည့်ဦး... အပြားလား အလုံးလားဆိုတာ။ ရှုံစရာကောင်းတယ်" ဟု ပြောခဲ့သည်။ ထိုကိစ္စကြောင့် သူ့ကိုယ်သူ သတ်သေရန်ပင် စဉ်းစားခဲ့သည်ဟု ကာယကံရှင်က ဆိုသည်။

တွမ်ဘွိုင်းနှင့် အမျိုးသမီးချင်းချင်ခင်စုံမက်သူများ အတိုက်ခိုက်ခံရခြင်းနှင့် မတရား ပြုကျင့်ခံရခြင်းတို့မှာ အမျိုးသားချင်းချစ်ခင်စုံမက်သူနှင့် အမျိုးသမီးအဖြစ် ပြောင်းလဲခံယူ နေထိုင်သူတို့၏ အတွေ့အကြုံများလောက် မှတ်တမ်းတင်ခြင်း မခံရပေ။ အမျိုးသမီး အခွင့်အရေးအဖွဲ့များနှင့် အမျိုးသမီးချင်းချစ်ခင်စုံမက်သူ/အမျိုးသားအဖြစ် ပြောင်းလဲခံယူ နေထိုင်သူအရေး လုပ်ကိုင်ကြသည့်အဖွဲ့များအကြား ညီညွတ်မှု မရှိခြင်းကို ကြည့်လျှင် မျက်စိထောက်ထောက် ကြည့်နေသည့်ကြားမှပင် ပြင်းပြင်းထန်ထန် အခြေအနေဆိုးရွား လျက်ရှိသည်။ ခန္ဓာကိုယ်သဘောအရ အမျိုးသမီးများပင်ဖြစ်ကြသော လိင်တူချစ် အမျိုးသမီးများနှင့် အမျိုးသားအဖြစ် ပြောင်းလဲခံယူနေထိုင်သူတို့သည် အမျိုးသား ကြီးစိုးသော လူ့အသိုင်းအဝိုင်းတွင် အမျိုးသမီးအဖြစ် ပြဿနာများကို ခံစားကြရပြီး ကျား-မ သတ်မှတ်ချက်နှင့်/သို့မဟုတ် လိင်စိတ်သဘာဝ သတ်မှတ်ချက်များကို ချိုးဖောက်သည့် အတွက်ပါ ပြဿနာများနှင့် ရင်ဆိုင်ကြရသည်။ ဥပမာ - လုပ်ငန်းခွင်တွင် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများအား ယောကျ်ားအလုပ်များကို လုပ်ခိုင်းပြီး (လျော့နည်းသည့်) မိန်းမလစာကိုသာ ပေးကြသည်။ ယောကျ်ားလေး လုပ်ဖော်ကိုင်ဖက်များ၏ စနောက်ခြင်း (ဥပမာ-ယောကျ်ားလေးများကဲ့သို့ အင်္ကျီချွတ်ပြီး ဘောလုံးကန်ခိုင်းခြင်း) ကိုလည်း အဆက်မပြတ် ခံကြရကြောင်း ပြောကြားသည်။ ထို့ပြင် အမျိုးသမီး လုပ်ဖော်ကိုင်ဖက် များက ၎င်းတို့နှင့် အပေါင်းအသင်းမလုပ်ကြပါ။ ထိုအခါ ၎င်းတို့သည် လူမှုအသိုင်းအဝိုင်းမှ အထီးကျန်လာကာ စိတ်ဓာတ်ကျလာသည်။ ထို့ပြင် လူမှုရေးနည်းလာပြီး မူးယစ်ဆေး သုံးစွဲလာကြသည်။ (အထူးသဖြင့် ပြည်မြို့တွင် မူးယစ်ဆေး သုံးစွဲမှုနှုန်း မြင့်မားသည်။) စီးပွားရေး လုပ်ငန်းများတွင် ပိုမိုတည်ငြိမ်သော အလုပ်များမရကြဘဲ အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ အများစုသည် လုပ်ခနည်းသော ဆောက်လုပ်ရေးလုပ်ငန်း သို့မဟုတ် ဆိုက်ကားနင်းသည့်လုပ်ငန်းကဲ့သို့ တစ်နေ့ ကျပ် ၂၀၀၀ အောက်သာ ရရှိသော အလုပ်ကြမ်းများကို လုပ်ကိုင်ကြရသည်။ အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ အများစုမှာ အလုပ်အကိုင်မရှိ ဖြစ်ကြကာ ၎င်းတို့ကို ထောက်ပံ့မည့် လင်ယောကျ်ားလည်း မရှိဘဲ အိမ်တွင် မိဘများနှင့်သာ နေထိုင်ကြရသည်။ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်းကြောင့် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများနှင့် တွမ်ဘွိုင်းများမှာ ဘဝ အခြေတကျ မဖြစ်ဘဲ ထိခိုက်ခံရလွယ်သော အဖြစ်သို့ ရောက်ရှိကြရသည်။

နော်င့်ယှက် မတော်မတရား ပြုကျင့်မှုများ အရေးယူ မခံရခြင်းသည် စိုးရိမ်ဖွယ် ဖြစ်သည်။ တရားဥပဒေသည် LGBT တို့ကို အကာအကွယ် မပေးနိုင်ခြင်းမှာ ထင်ရှားသည်။ ဥပဒေ စိုးမိုးရေး ဝန်ထမ်းများကိုယ်တိုင်က ကျူးလွန်သူများ ဖြစ်နေခြင်းကြောင့် ခံရသူများအတွက် ဥပဒေကို အားကိုးအားထား ပြုရန် အခွင့်အလမ်းများ နည်းပါးသွားသည်။ နစ်နာသူတို့က ရဲစခန်းတွင် အမှုဖွင့်သောအခါ ရဲတို့က သက်သေရှာခြင်း၊ ကျူးလွန်သူကို ခြေရာကောက်ခြင်း စသည်တို့ ကူညီဆောင်ရွက်ခြင်း မပြုဘဲ သက်သေမခိုင်လုံဟု ဆိုကာ အမှုဖွင့်သူတို့ကို ပြန်လွှတ်ခြင်း၊ သို့မဟုတ် ၎င်းတို့သည် ထိုသို့ဖြစ်ခြင်းအတွက် မည်သူမပြု မိမိမှု မိမိမှာသာတာဝန်ရှိသည်ဟု ပြောဆိုခြင်းများပြုလုပ်လေ့ရှိသည်။ မတရားမှုကို တိုင်ကြားသော်လည်း တိုင်ကြားသူများမှာ အကာအကွယ်မရဘဲ ပို၍ပင် ဒုက္ခ ရောက်ကြသည်။

ဤအဖြစ်အပျက်များကိုကြည့်လျှင် LGBT တို့ ခံစားကြရသည့် ခွဲခြားဆက်ဆံမှုနှင့် မတရားပြုကျင့်မှု ပုံစံများနှင့် ပြင်းထန်မှုအတိုင်းအတာကို သိနိုင်သည်။ အထက်ဖော်ပြပါ ကိုယ်တွေ့အဖြစ်အပျက် နှစ်ခုလုံး၌ ကာယကံမြောက်ကျူးလွန်မှု၊ ဝစီကံမြောက် စော်ကားမှုနှင့် အရှက်ခွဲမှုတို့ ပါဝင်သည်။ ထိုအဖြစ်အပျက်များက မြန်မာ့ရိုးရာ လူ့အဖွဲ့အစည်း၏ အမျိုးသား/အမျိုးသမီး အခန်းကဏ္ဍ ကိုလည်း ဖော်ပြသလို ယောကျ်ား-မိန်းမ နှစ်မျိုးသာရှိရမည်ဆိုသည့် သတ်မှတ်ချက်စည်းမျဉ်းကို ကျူးလွန် ချိုးဖောက်သူသည် ယုတ်နိမ့်ပြီး ကိုယ်ကျင့်တရားဖောက်ပြားသည်ဟူသော ယူဆချက် ကိုလည်း ဖော်ပြသည်။ ထိုသို့သော ခံယူချက်များ လူ့အသိုင်းအဝိုင်း၏ အလွှာအသီးသီးတွင်ခိုင်ခိုင်မာမာ အမြစ်တွယ်နေသည့်အတွက် ကျူးလွန်ခံရသူများ အနေဖြင့် ဥပဒေ၏ အထောက်အပံ့ ရရှိရန်၊ သို့မဟုတ် အကူအညီ ရှာဖွေရန် သတ္တိ မွေးရန်ပင် အလွန်ခက်ခဲကြောင်း ထင်ရှားသည်။

၄-၂

တရားဥပဒေ စိုးမိုးရေး မြှင့်တင်မှုစီမံကိန်း၏ အကျိုးသက်ရောက်မှု

LGBT တို့အတွက် လူ့အခွင့်အရေး သင်တန်းများ၏ အကျိုးသက်ရောက်မှု

ဒေသခံ LGBTတို့သည် CRB က ပြုလုပ်သော လူ့အခွင့်အရေးနှင့် LGBT အခွင့်အရေး သုံးရက်သင်တန်းများကို တက်ရောက်ခဲ့ကြသည်။ Colors Rainbow နှင့် တစ်နိုင်ငံလုံးမှ အခြားသော LGBT အဖွဲ့တို့က ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော LGBT အခွင့်အရေးကွန်ရက်၏ အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်တို့၏ ပူးပေါင်းမှုဖြင့် စုစုပေါင်း သင်တန်း ၁၂ ကြိမ် ပြုလုပ်ခဲ့သည်။ သင်တန်း တက်ရောက်သူများမှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ/ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ရှေ့နေများ၊ စက်ရုံအလုပ်သမားများ/ နေ့စား အလုပ်သမားများ၊ လိင်အလုပ်သမများ၊ ကျောင်းဆရာ/ဆရာမများ၊ သူနာပြုများနှင့် LGBT များဖြစ်သည်။ သင်တန်းတွင် လေ့ကျင့်ခန်းများစွာ ပါဝင်ပြီး သင်ခန်းစာ ခေါင်းစဉ်များမှာ LGBT ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ယင်းနှင့်ဆက်နွယ်နေသော အဓိပ္ပာယ်များ၊ SOGIE (လိင်စိတ်တိမ်းညွှတ်မှု၊ ကျား-မ ဝိသေသ လက္ခဏာနှင့် ကျား-မ အမူအယာများ)၊ ပုံသေကားကျအမြင်များမှာ အဘယ်နည်း၊ ခွဲခြားဆက်ဆံခြင်းမှာ အဘယ်နည်း၊ လိင်တူနှစ်သက်ခြင်းကို ကြောက်ရွံ့မှု၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ LGBT အခွင့်အရေးအတွက် နိုင်ငံတကာ လူ့အခွင့်အရေး လုပ်ငန်းစဉ်များ ပါဝင်သည်။

စီမံကိန်း အစတွင် LGBT တို့သည် အခြေခံ လူ့အခွင့်အရေးအကြောင်း သိပ်မသိကြောင်း၊ ၎င်းတို့ နေ့စဉ်ဘဝတွင် ရင်ဆိုင်နေကြရသော ဖယ်ကြဉ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကို ဘဝပေးအခြေအနေအဖြစ် ခံယူနေကြရကြောင်းဆိုသည်။ သို့သော် စီမံကိန်းတွင် ၁၂ လကြာ ပါဝင်ပြီးနောက် သင်တန်းသားများ၏ ဥပဒေဆိုင်ရာ အသိ၊ သိသာထင်ရှားသော ဗဟုသုတ၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု၊ မိမိကိုယ်မိမိ ယုံကြည်မှုတို့မှာ သိသိသာသာ တိုးတက်မှုရှိလာသည်ကို တွေ့မြင်လာရသည်။ လူ့အခွင့်အရေး သင်တန်း၏ ရလဒ်တစ်ခုမှာ သင်တန်းသားများက ၎င်းတို့တွင် ဥပဒေက ပေးသော အခွင့်အရေးများရှိပြီး ၎င်းတို့သည်လည်း ဥပဒေ၏ အကာအကွယ် ရရန် ထိုက်တန်သည်ဟု သဘောပေါက် နားလည်လာကြသည်။ အထင်ရှားဆုံး အချက်မှာ သင်တန်းသားများကိုယ်တိုင် ၎င်းတို့၏ အစွမ်းအစများကို အမှန်တကယ် အကောင်အထည်ပေါ်လာရန် ကြိုးစားလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာအောင် စိတ်ဓာတ်လှုံ့ဆော်ပေးနိုင်ခြင်းနှင့် ၎င်းတို့၏ သဘောသဘာဝအပေါ်တွင် ခွန်အားကိုလည်းကောင်း၊ ဂုဏ်ယူစရာကိုလည်းကောင်း ရှာဖွေတွေ့ရှိလာခြင်းပင် ဖြစ်သည်။ ထိုအချက်က LGBT တို့သည် မတရားငုံ့ခံကြရမည့်သူများ မဟုတ်ဘဲ ၎င်းတို့၏ သက်ဆိုင်ရာ အသိုင်းအဝိုင်းတွင် အပြောင်းအလဲကိုကူညီဆောင်ကြဉ်းသူများ ဖြစ်နိုင်သည်ဟူသော အမြင်များကို ပြောင်းလဲ ခံယူလာအောင် လှုံ့ဆော်ပေးခဲ့သည်။ စီမံကိန်းက လေ့ကျင့်ပေးလိုက်သော ရှေ့နေ အကူများသည် ခွဲခြားဆက်ဆံခြင်းနှင့် မတရား ပြုကျင့်မှုနှစ်ခုစလုံးကိုသော်လည်းကောင်း၊ တစ်မျိုးမျိုးကိုသော်လည်းကောင်း ကိုယ်တိုင်ခံခဲ့ရသူများ ဖြစ်သည့်အလျောက် LGBT အသိုင်းအဝိုင်းထဲမှ ကူကယ်ရာအမဲ့ဆုံးသူများကို မတရားမှု၊ မမျှတမှုနှင့် တန်းတူညီမျှ မဖြစ်မှုတို့ကို စိန်ခေါ်နိုင်အောင် ကူညီနိုင်သည့်အခွင့်အရေးပေးသည်ဟု မှတ်ယူနိုင်သည်။ ရှေ့နေအကူများသည် မှတ်တမ်းတင်ခြင်းနှင့် ဥပဒေအကြံပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်နေခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်းနှင့် သက်ဆိုင်သည့်ကျွမ်းကျင်မှုနှင့် စနစ်တကျ လုပ်တတ်သည့် အရည်အချင်းတို့ကို ပိုမို ခိုင်မာလာအောင် ဆောင်ရွက်နိုင်ကြသည်။

စီမံကိန်း၏ အခြားသော အကျိုးကျေးဇူးမှာ LGBT အသိုင်းအဝိုင်းတို့အကြား စည်းလုံးညီညွတ်စိတ်ကို လှုံ့ဆော်ပေးနိုင်ခြင်းဖြစ်သည်။ FGD တွင် ပါဝင် ဆွေးနွေးသူ အများစုက ၎င်းတို့သည် အခြားသော LGBT အုပ်စုတို့နှင့် ထိတွေ့ဆက်ဆံမှု နည်းပါးသည်ဟု ဆိုသည်။ (အမျိုးသားချင်း ချစ်ခင်စုံမက်သူများက အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများ ရင်ဆိုင်နေရသည့် အခက်အခဲများအကြောင်း သိပ်မသိပေ။) လူ့အခွင့်အရေးနှင့် LGBT အခွင့်အရေးသင်တန်းမှ လေ့ကျင့်ခန်းများနှင့် မြန်မာစကားလုံး အသုံးအနှုန်းများကို လေ့လာဆန်းစစ်ခြင်းဖြင့် LGBT တို့သည် ထို အသုံးအနှုန်းများ၏ အကျိုးဆက်နှင့် LGBT အသိုင်းအဝိုင်းတစ်ခုလုံး ခံစားနေရသည့် ပြဿနာအမျိုးအစား တစ်ခုတည်းကို နားလည်လာကြသည်။ ထို့ကြောင့် သင်တန်းများသည် ကွဲပြားနေသော လိင်စိတ်တိမ်းညွှတ်မှုအမျိုးမျိုးနှင့် ကျား-သဘာဝ ကွဲပြားသူအမျိုးမျိုးတို့အကြား ၎င်းတို့အနေဖြင့် လူနည်းစုတစ်ခုအဖြစ် ရင်ဆိုင်နေရသော အခက်အခဲများကို အတူတူ ခံစားနေကြရသူများအဖြစ် အသိအမှတ်ပြုလာကာ စည်းလုံးစုစည်းမိလာအောင် အကူအညီ ပေးခဲ့သည်။ သင်တန်းသား တစ်ယောက်က "ကျွန်တော်တို့ အမျိုးသားခြင်း ချစ်ခင်စုံမက်သူတွေက အမျိုးသမီးချင်း ချစ်ခင်စုံမက်သူတွေကို အထင်သေးကြပါတယ်။ အခုတော့ ပြောင်းလဲသွားပြီ။ သူတို့ရဲ့ ဘဝတွေ၊ သူတို့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကျွန်တော်တို့ နားလည်သွားပြီ။ အဲ့ဒီလို အခက်အခဲတွေကို ကျွန်တော်တို့ပဲ ခံစားနေရတာလို့ ထင်ခဲ့တာ" ဟု ပြောသည်။ ဤစည်းလုံးလာသည့် အယူအဆသည် အနာဂတ်တွင် စည်းရုံးတိုက်တွန်းခြင်းနှင့် ပညာပေး အစီအစဉ်များတွင် LGBT ကိုယ်တိုင် အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်လာနိုင်မည့် ပိုမိုခိုင်မာသည့် လမ်းတစ်ခုကိုဖြစ်ပေါ်စေသည်။

ရပ်ရွာလူထု၏ ယုံကြည်မှုကို ရရှိအောင်၊ LGBT အချင်းချင်းနှင့် လူ့အသိုင်းအဝိုင်း အကြား၊ အထူးသဖြင့် အာဏာပိုင်များနှင့် သဟဇာတဖြစ်မှုပိုရှိအောင်၊ ပူးပေါင်း ဆောင်ရွက်မှု ပိုရှိလာ အောင်လုပ်ခြင်းသည် စီမံကိန်း၏ အဓိက ရည်မှန်းချက် ဖြစ်သည်။ ဤရည်မှန်းချက်သည် စီမံကိန်းဒေသတစ်ခုနှင့်တစ်ခုတွင် အရှိန်နှုန်းအမျိုးမျိုးဖြင့်အောင်မြင်ခဲ့သည်။ ပြည်မြို့သည် အလားအလာကောင်းသော အောင်မြင်မှုများ ရရှိခဲ့သည့်မြို့ဖြစ်ပြီး ရဲအရာရှိများနှင့် ရပ်မိရပ်ဖများသည် ရှေ့နေအကူများနှင့် တိုက်ရိုက် ပူးပေါင်းဆောင်ရွက်လာကာ တင်ပြ လာသော အမှုများကိုလည်း ၎င်းတို့က တာဝန်ကျေပွန်စွာ ဆောင်ရွက်နေသည်ဟု ပြော သည်။

မည်သို့ပင် ဆိုစေကာမူ သင်တန်းသားများကို လူ့အခွင့်အရေး ဗဟုသုတနှင့် အသိပညာများ ဖြည့်ဆည်းပေးခဲ့သော်လည်း ထိုဗဟုသုတများကို အသုံးချရန်မှာ လျစ်လျူရှုခံနေရဆဲဖြစ်သည်ဟု သင်တန်းသားများစွာက ပြောသည်။ သင်တန်းသား နှစ်ယောက်၏ အောက်ပါ ပြောဆိုချက်မှာ ထိုအချက်ကို ညွှန်ပြသည်။

> ကျွန်တော်တို့သိထားတဲ့ လူ့အခွင့်အရေးအကြောင်းကို အခြေခံပြီး ကျွန်တော်တို့က ရဲကို ပြောတဲ့အခါ သူတို့က နားမထောင်ဘူး။ သူတို့က ဂရုမစိုက်တဲ့အပြင် ကျွန်တော်တို့မှာ အခွင့်အရေး မရှိဘူး။ အခွင့်အရေး စကားကို ကျွန်တော်တို့က မပြောသင့်ဘူးလို့ သူက ပြန်အော်ငေါက်ပါတယ်။
>
> အခုကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို ကျွန်တော်တို့ သိရပြီ။ ဒါပေမယ့် ရဲက ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို မလေးစားဘူး။ သူတို့က ကျွန်တော်တို့ကို ပါးရိုက်၊ ဘွတ်ဖိနပ်နဲ့ ကန်ပြီး ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို ဆက်လက် ချိုးဖောက်နေဆဲပါပဲ။

ဤအချက်များက လူ့အခွင့်အရေး သင်တန်းများမှတဆင့် အခြေခံ ဗဟုသုတများကို သိသိသာသာ ပို့ချပြီးဖြစ်သော်လည်း သင်တန်းများတွင် ဥပဒေစိုးမိုးရေး ဝန်ထမ်းများ ပါဝင်လာရေးနှင့် တာဝန်မကျေသော၊ ခွဲခြားဆက်ဆံသော ရဲဝန်ထမ်းများ၏ အပြုအမူများ အပေါ် ကိုင်တွယ်ဖြေရှင်းနိုင်မည့် လမ်းစဉ်တစ်ခု ထူထောင်ရန်အလွန်အမင်း လိုအပ်နေကြောင်းကို အထက်ပါ ဖြစ်ရပ်ကသက်သေပြသနေသည်။ သင်တန်းသားများ၏ ထွက်ဆိုချက်အရ “အခု ကျွန်တော်တို့ အရက်မူးပြီး ရမ်းတဲ့၊ အကျင့်ပျက်ပြီး အကြမ်းဖက်တဲ့ ရဲတွေကို ပိုပိုပြီး တွေ့လာရတယ်” ဟု ဆိုသည်။ ထို့ပြင် ရဲများက LGBT တို့ကို ရဲစခန်းသို့ ခေါ်ခြင်းထက် ကင်းလှည့်သည့်နေရာမှာပင် ငွေညှစ်ကြသည်။ ထိုငွေမှာ ကျပ် ၅၀,၀၀၀ ခန့် ပေးရသည်။ သင်တန်းသား တစ်ယောက်က “ကျွန်တော်တို့မှာ ရွေးချယ်စရာ မရှိပါဘူး။ လာဘ်ထိုးရပါတယ်။ သူတို့တောင်းတဲ့ ပိုက်ဆံကို မပေးမချင်း ကျွန်တော်တို့ကို အမျိုးမျိုးခြိမ်းခြောက်ပါတယ်” ဟု ၎င်းက ပြောသည်။ ရဲဖမ်းခံရသော LGBT တို့အပေါ် ရဲတို့၏ အပြုအမူကို ပိုမိုအာရုံစိုက်လာသည့် လူထုအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပိုမိုများပြားလာသဖြင့်လည်း ဤနည်းသည် ရဲက LGBT တို့ကို အနိုင်ကျင့်သည့် နည်းသစ်တစ်ခုဖြစ်လာသည်။ ထို့ပြင် လမ်းသရဲများမှာ LGBT တို့အတွက် အဓိက ပြဿနာ ဖြစ်သည်။ ၎င်းတို့က လမ်းများတွင် ရန်ဖြစ်ခြင်း၊ လုယက်ခြင်းများ ပြုလုပ်ကြပြီး ရဲတို့က LGBT တို့ကို ပစ်မှတ်ထားရန် လမ်းသရဲများနှင့် ပူးပေါင်းကြောင်း သင်တန်းသားများက စွပ်စွဲ ပြောဆိုသည်။

အသိပညာပေး သင်တန်းများ၏ ရပ်မိရပ်ဖများနှင့် ဥပဒေပညာသည်များအပေါ် အကျိုးသက်ရောက်မှု

ဤစီမံကိန်းကြောင့် ရပ်မိရပ်ဖများနှင့် အစိုးရ အရာရှိများသည် LGBT တို့ ရင်ဆိုင်နေရသည့် ပြဿနာများကို သိရှိထားပြီးဖြစ်ကြောင်း ထင်ရှားသွားခဲ့သည်။ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများ အဆုံးသတ်ဖို့လိုအပ်နေကြောင်း အချို့သော ခေါင်းဆောင်များကအမြင်တူကြသည်။ သို့သော် လူတွေ့မေးမြန်းမှုများ ပြုလုပ်သည့် တစ်လျှောက် ပြဿနာမရှိပါဟု ငြင်းခြင်းသော်လည်းကောင်း၊ ပြဿနာမှာပြော သလောက မကြီးမားပါဟု ရှုမြင်ခြင်းကိုလည်းကောင်း ၎င်းတို့ထံတွင်တွေ့ရသည်။ LGBT တို့သည် ရပ်ရွာလူထုအတွင်းသို့ မကောင်းသောအမူအကျင့်များကိုယူဆောင်လာ ကြသည်ဟု အချို့သော ပုဂ္ဂိုလ်များက အပြစ်တင်ကြသည်။ အချို့ ခေါင်းဆောင်များက ပညာရေး စနစ်နှင့် အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်းကို အပြစ်တင်ကြသည်။

၂၀၁၅ ခုနှစ် အစောပိုင်း စီမံကိန်း အစက သင်တန်းအတွက် ရွေးချယ်ထားသော ရှေ့နေများ၊ ဒေသခံ အာဏာပိုင်များ၊ ရပ်မိရပ်ဖများနှင့် အရာရှိများသည် LGBT ပြဿနာကို လုံးဝမသိခြင်း သို့မဟုတ် နည်းနည်းသာ သိရှိခြင်းတို့ကို တွေ့ရှိရသည်။ လိင်စိတ်တိမ်းညွတ်မှု၊ ကျား-မ ဝိသေသလက္ခဏာနှင့် ကျား-မ အမူအယာများဆိုင်ရာ ကွဲပြားခြားနားချက်များ နှင့်စပ်လျဉ်း၍ စာနာထောက်ထားသည့်စိတ်သဘောထား များနှင့် အလေ့အကျင့်များ မရှိပါ။ အမှန်တကယ်တွင် LGBT တို့ကို လေးစားစရာဟုပင် မမြင်ကြပါ။ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မတရား ပြုကျင့်ခြင်းတို့အကြောင်း ဆွေးနွေးသောအခါ ထိုသို့သောအဖြစ်အပျက်များ ရှိသည်ကို ငြင်းဆန်ခြင်း သို့မဟုတ် ထိုသို့သော မတရား ပြုကျင့်ခံရအောင် ၎င်းတို့ ကိုယ်တိုင်က အရှိအသေတန်သော သို့မဟုတ် မသင့်တော်သော အပြုအမူများ ပြုလုပ်ခြင်းကြောင့်ဟု မတရား ခံရသူကို အပြစ်တင်လေ့ ရှိသည်။

စီမံကိန်း အကောင်အထည်ဖော်ပြီး ခြောက်လ ကြာသောအခါ အချို့သော ရှေ့နေ များက LGBT တို့နှင့် အများပြည်သူတို့ အတွက် ဥပဒေအကာအကွယ်ပေးခြင်းကို တိုးတက်အောင် လုပ်ဆောင်ရန် အကြံဉာဏ်များ စတင် ပေးလာကြသည်။ တရားဥပဒေ စိုးမိုးရေး မြှင့်တင်ရန်နှင့် ပြည်သူများ တရားဥပဒေ စနစ်အတွင်းမှ ထိထိရောက်ရောက် အမှုဖွင့်တိုင်ကြားနိုင်ရန် မရှိမဖြစ်သော အရာများအဖြစ် ဥပဒေ အခွင့်အရေး

သင်တန်းများ၊ လုံလောက်သော ဥပဒေ ဝန်ဆောင်မှုများနှင့် ရပ်ရွာအတွက် အခြားသော အကူအညီများကို ၎င်းတို့က ထောက်ပြကြသည်။ သို့သော် အချို့သော ရှေ့နေများက LGBT အဖြစ် ခံယူမှုသည် ‘ပုံမှန် မဟုတ်’ဟု ဆက်လက် သုံးစွဲနေကြသည်။ သင်တန်းသား တစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> “သူတို့ဟာ ပုံမှန်မဟုတ်တဲ့အတွက် လူထုက သူတို့ကို လက်ခံဖို့၊ ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးဖို့ မလွယ်ပါဘူး။”

စီမံကိန်း ၁၀ လ ကြာပြီးနောက် ထိုရှေ့နေများ၏ LGBT တို့အပေါ် အမြင်သည် သိသိသာသာ တိုးတက်လာခဲ့သည်။ ဥပမာ - ရှေ့နေတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

LGBT တွေ စီစဉ်တဲ့ ပွဲတွေကို ကျွန်တော် တက်ပါတယ်။ အခု သူတို့ဟာ ပုံမှန် လူသားတွေ ဖြစ်တယ်ဆိုတာ ကျွန်တော် သဘောပေါက်လာပါပြီ။ သူတို့ကို အရှိ အရှိအတိုင်းပဲ ကျွန်တော်တို့ လက်ခံရမှာပါ။ ကျွန်တော့် အမြင်ကတော့ လိင်တူ ဆက်ဆံတဲ့အတွက် LGBT တွေကို တရားစွဲလို့ မရအောင် ပုဒ်မ ၃၇၇ ကို ပြင်ဖို့ လိုပါတယ်။ ရှေ့နေအကူတွေ ရှိလာပြီးနောက်ပိုင်း အမှုတွေကို ပိုပြီး မှတ်တမ်းတင်လာနိုင်တယ်။ တစ်ခါတလေ ရှေ့နေအကူတွေက အမှုသည်တွေကို ဥပဒေဆိုင်ရာ အကြံဉာဏ်တွေ ပေးနိုင်တယ်။ … ဒါပေမယ့် ရှေ့နေအကူတွေ အပေါ် တစ်ခါတရံ အထင်လွဲမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ မတရား ခံရသူတွေ အတွက် ဝန်ဆောင်မှုတွေ ပိုရှိသင့်ပါတယ်။ ရှေ့နေတွေ အနေနဲ့ အမှုသည်တွေကို အမြဲတမ်း အခမဲ့ ရှေ့နေလိုက်မပေးနိုင်ပါဘူး။ တရားရုံးမှာ ကျွန်တော်တို့ ကူညီနိုင်ပေမယ့် သက်သေစုဆောင်းတာလို၊ မျက်မြင်သက်သေ ခေါ်တာလိုမျိုး တော့ အစအဆုံး ကျွန်တော်တို့ မကူညီနိုင်ပါဘူး။ ဥပဒေရဲ့ အကာအကွယ် ရရှိခွင့် ရှိသူတွေအတွက် ဒီ့ထက်ပိုပြီး ဝန်ဆောင်မှုတွေ ရရှိစေချင်ပါတယ်။

တစ်ဖက်တွင် စီမံကိန်းတစ်လျှောက် အချို့သော သင်တန်းသားများ၏ LGBT တို့အပေါ် အမြင်များပြောင်းလဲခြင်း မရှိချေ။ စီမံကိန်း ပြီးဆုံးချိန်တွင်ပင် အချို့သော သင်တန်းသားများက SOGIE ပြဿနာများကို ၎င်းတို့ နားမလည်နိုင်သေးပါဟု ဆိုသည်။ အချို့သော သင်တန်းသားများက အောက်တွင်ဖော်ပြထားသူတစ်ဦး ပြောသကဲ့သို့ ၎င်းတို့၏ ခံယူချက်မှာ ရောထွေးနေပြီး တစ်ဖက်တွင် LGBT တို့အပေါ် ကိုယ်ချင်းစာပြီး တစ်ချိန်တည်းမှာပဲ LGBT တို့ကို ၎င်းတို့ ခံစားရသော ခွဲခြားဆက်ဆံမှုအတွက် အပြစ်တင်သည်။

> “ကျွန်တော်ကတော့ မိဘတွေရဲ့ ခံယူချက် ပြောင်းလဲဖို့ လိုအပ်တယ် ထင်တယ်။ များသောအားဖြင့် မိဘတွေဟာ ကလေးတွေရဲ့ ကျားမသဘာဝ ခံယူမှုအပေါ် လွတ်လပ်စွာ ရွေးချယ်မှုကို ကန့်သတ်ကြတယ်။ မိဘတွေဟာ သားသမီးတွေကို သူတို့ရဲ့ အရှိအတိုင်း လက်ခံသင့်တယ်။ မဟုတ်ရင် သူတို့အတွက် စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်စေတယ်။ LGBT တွေအနေနဲ့လည်း အသက်မွေး ဝမ်းကျောင်းပညာဖွံ့ဖြိုးရေးတွေ သူတို့အတွက်လိုအပ်တယ်။ သူတို့ဟာ ဝင်ငွေနည်းတဲ့ လက်လုပ်လက်စား လုပ်ငန်းတွေမှာ လုပ်နေကြရပါတယ်။ လူ့အဖွဲ့အစည်းကလဲ သူတို့ကို အထင်သေးနေသေးပြီး သူတို့ကိုယ်နှိုက်ကလည်း သူတို့ရဲ့ အစွမ်းအစ အကုန်လုံးကို

> ထုတ်သုံးနိုင်တဲ့ အဆင့်ထိရောက်အောင် ရည်ရွယ်ချက် ကြီးကြီး မထားရဲသေးပါဘူး။ LGBT တွေကလည်း လူထုက လက်ခံလာအောင် ကောင်းကောင်းမွန်မွန် နေဖို့ လိုပါတယ်။ မဟုတ်ရင် လူတွေက သူတို့ရဲ့ ကျား-မ ခံယူမှုကြောင့် မဟုတ်ဘဲ သူတို့ရဲ့ အပြုအမူကြောင့် ဝေဖန်မယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီ့ထက်ပိုပြီးတော့ မြင်သာတဲ့ LGBT လှုပ်ရှားမှုတွေ လိုပါတယ်။ ”

မတော်မတရားကျင့်ကြံ ခံရသူများကို ကူညီပြီး ကျူးလွန်သူများကို ဖမ်းမိဖို့ အထူးသဖြင့် LGBT တို့၏ ဘေးကင်းလုံခြုံရေးအတွက် ပိုမိုအားထုတ်လာပြီး အတိုင်းအတာ တစ်ခုအထိ အောင်မြင်လာပြီဟု ပြည်မြို့နယ်မှ ရဲတစ်ဦးက ပြောသည်။ သို့သော်လည်း လက်ရှိ နည်းဗျူဟာများမှာ ကျူးလွန်သူထက် ခံရသူအပေါ်ကိုသာ ပြဿနာ၏ အရင်းအမြစ်အဖြစ် ရှုမြင်ပစ်မှတ်ထား ဆောင်ရွက်သည့် ပုံစံမျိုးမြင်ရသည်။ သင်တန်းသားတစ်ဦးက ပြောပြ ချက်အရ ကင်းလှည့်နေသူများသည် လူများကို “မှောင်ရိပ်တွင် မသင့်လျော်သည့် အချိန်၌ မြင်လျှင်” လူစုခွဲပြီး အိမ်ပြန်ခိုင်းမည်၊ ထို့နောက် ၎င်းတို့အား “မသင့်တော်တဲ့ နေရာတွေကို မသင့်တော်တဲ့ အချိန်မှာ” မသွားဖို့ အကြံပြုမည်။ LGBT တို့အနေဖြင့် ပြဿနာများ ရင်ဆိုင်ရလျှင် ရဲများနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည်ဟု သင်တန်းသားက ဆိုသည်။ ပြည်မြို့၏ အခြေအနေမှာ အခြား စီမံကိန်း ဒေသများထက် ပို၍ အခြေအနေအေးဆေးပုံ ပေါ်သည်။

> “ အလုပ်မရှိလို့ ဘဝတိုးတက်ဖို့ ရည်မှန်းချက် မရှိလို့ လျှောက်သွားနေတဲ့ LGBT တွေ ကျွန်တော် မြင်ဖူးတယ်။ သူတို့အတွက် အကူအညီ လိုအပ်တယ်။ အလုပ်ပြင်သင်တန်းလို သူတို့ အတွက် သင်တန်းတွေ ပိုရှိဖို့ လိုအပ်တယ်။ ကျွန်တော်တို့ က ဥပဒေစိုးမိုးရေး ဆောင်ရွက်ရသူတွေ ဖြစ်တယ်။ ကျွန်တော်တို့ ဟာ လူတိုင်းကို လူလို ဆက်ဆံဖို့ လိုတယ်။ ”
>
> ပဲခူးတိုင်း ဒေသကြီး ပြည်မြို့နယ်၊မှ ရဲအရာရှိ တစ်ဦး

အရာရှိတစ်ဦးက “ကျွန်တော်တို့ လူ့အဖွဲ့အစည်းကလည်း ပြောင်းလဲဖို့ လိုအပ်တယ်။ ကျွန်တော်တို့ဟာ အတွေးအခေါ်ဟောင်းတွေကို ဖက်တွယ်ထားနေတုန်းပဲ။ ဒါဟာ အများနဲ့ သဘာဝမတူတဲ့လူတွေအပေါ်မှာ ခွဲခြားဆက်ဆံမှုသဘော သက်ရောက်နေတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရော LGBT တွေရောအကုန်လုံးဟာ ခံယူချက်တွေကို ပြောင်းလဲရမယ်။ ဒါဆိုရင် ယဉ်ကျေးမှု နှုန်းစံတွေ ပြောင်းလဲလာမယ်။ ဥပဒေတွေ လည်း ပြောင်းလဲလာမယ်” ဟု ပြောသည်။

ရှေ့နေအကူ စီမံကိန်း၏ အောင်မြင်မှုနှင့် အခက်အခဲများ

Colors Rainbow သည် စီမံကိန်း ဧရိယာအတွင်းရှိ ရနိုင်သမျှသော မိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ အောက်ဖော်ပြပါ စာရင်းသည် မိတ်ဖက် ဥပဒေအကျိုးဆောင် လုပ်ငန်းများနှင့် မြို့နယ်တစ်ခုချင်းစီအလိုက် တက်လာသည့် အမှုအရေအတွက်ကို အသေးစိတ် ဖော်ပြထားခြင်းဖြစ်သည်။

- ပြည်တွင် အဓိက မိတ်ဖက်များမှာ Truth Law Farm နှင့် Dragon Law Farm မှ ရှေ့နေများ ဖြစ်သည်။ ၁၂ လအတွင်း အမှုပေါင်း ၃၆၀ မှ ၁၉၂ မှု ကို မိတ်ဖက် ရှေ့နေများသို့ ရှေ့နေ အကူများက လွှဲပြောင်းပေးအပ်ခဲ့သည်။
- မော်လမြိုင်တွင် အဓိက မိတ်ဖက် အဖွဲ့အစည်းမှာ Mawlamyaing Justice Center ဖြစ်သည်။ ၁၂ လအတွင်း အမှုပေါင်း ၂၉၈ မှုမှ ၃၉ မှုကို လွှဲပြောင်းပေးခဲ့သည်။
- လှိုင်သာယာတွင် အဓိက မိတ်ဖက်များမှာ Hlaingtharyar Justice Center၊ Equal Paralegal နှင့် Lotus တို့ ဖြစ်ကြသည်။ ၁၂ လအတွင်း ရှေ့နေအကူတို့က ၁၆၆ မှုမှ ၅၃ မှုကို လွှဲပြောင်းပေးခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော ဥပဒေ စနစ်အတွင်း တရားမျှတမှုကို ရှာဖွေသည့် LGBT တို့၏ အကန့်အသတ်များနှင့် ပတ်သက်ပြီး အစောပိုင်းက တင်ပြခဲ့သည့် အခက်အခဲများကို ကြည့်လျှင် CRB က ထူထောင်ထားသည့် အမှုလွှဲပြောင်းပေးအပ်ရေး လုပ်ငန်းစဉ်ကို အသုံးပြုပြီး အမှုဖွင့်နိုင်ခဲ့သည့် ဖြစ်စဉ် အရေအတွက်သည် ကျူးလွန်ခံရသည့် LGBT တို့ ရင်ဆိုင်နေရသည့် အင်စတီကျူးရှင်းနှင့် လူ့အဖွဲ့အစည်း အတားအဆီးများကို သိသိသာသာ တိုးတက်ပြောင်းလဲစေခဲ့ကြောင်း ထင်ရှားသည်။ ထိခိုက်နစ်နာသူများ ဥပဒေဌာနများသို့ သွားရောက်၍ ရှေ့နေများနှင့် တွေ့ဆုံနိုင်အောင် ကူညီလိုက်ပါ ဆောင်ရွက်ပေးခြင်းဖြင့် ရှေ့နေအကူများသည် ၎င်းတို့၏ အမှုသည်များအား အကြံဉာဏ် ပေးရုံသာမက တရားလိုနှင့် တရားရေးကဏ္ဍအကြား တံတားတစ်စင်းသဖွယ်လည်း ဆောင်ရွက်ပေးသည်။ ရဲ သို့မဟုတ် အာဏာပိုင်တို့ထံ တိုင်ကြားခြင်း သို့မဟုတ် နစ်ဖက် အငြင်းပွားမှုအကြား ပြဿနာကို ဝင်ရောက်ဖြေရှင်းပေးခြင်း စသည့်အားဖြင့် ရှေ့နေအကူတို့သည် အားချင်း အကူအညီ လိုအပ်နေသည့် အရေးပေါ် အခြေအနေများတွင် ထိခိုက်ခံစားရသည့် မိသားစုကို ကူညီပေးသည်။ စီမံကိန်း စတင်ချိန်မှ စတင်ကာ ခွဲခြားဆက်ဆံမှုနှင့် လှောင်ပြောင်မှုများ ကျဆင်းလာခြင်းကဲ့သို့သော အပြုသဘောဆောင်သည့် အပြောင်းအလဲများစွာကို သင်တန်းသားများက တင်ပြကြ သည်။

မည်သို့ပင်ဆိုစေကာမူ စိန်ခေါ်မှုများနှင့် စွဲမြဲနေသော ပြဿနာများကို စီမံကိန်း အကောင်အထည်ဖော်စဉ်တစ်လျှောက် ကြုံတွေ့ရသည်။ မှတ်တမ်းတင်ထားသော အမှုများကို လေ့လာလျှင် မတရားကျူးလွန်သည့် အမှု အများစုမှာ ရပ်ရွာလူထုက ကျူးလွန်သည့် ရာဇဝတ်မှုထက် ရဲများက ကျူးလွန်၍ တိုင်ကြားရသည့် အမှုက ပိုများသည်။

အမျိုးသမီးအများစုနှင့် LGBT တို့သည် တရားရုံးသို့ မသွားကြပေ။ အဘယ့်ကြောင့် ဆိုသော် ရုံးပြင်ကန္နားသွားရသည်မှာ အချိန်ကုန်သည်ဟု မှတ်ယူပြီး လှိုင်သာယာမှ လူများဆို လျှင် လက်လုပ်လက်စား နေ့စား အလုပ်သမားများ ဖြစ်သည်။ ရဲတို့က ၎င်းတို့ကို ထိထိရောက်ရောက် ကူညီလိုစိတ် မရှိဘဲ ရဲစခန်းသို့ သွားလျှင် အော်ငေါက်ထုတ်ခြင်း၊ အမှုဖွင့်သည့် လုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေခြင်းများ လုပ်ကြသည် ဟုလည်း ၎င်းတို့က ဆိုသည်။

အချို့သော ရှေ့နေအကူများက ၎င်းတို့၏ ကိုယ်ရေးလုံခြုံရေးဆိုင်ရာ ပြဿနာများကို တင်ပြကြသည်။ “ကျွန်မတို့အတွက် အခက်အခဲက ကျူးလွန်ခံရသူတွေကို ဒီ့ထက် ပို ကူညီလို့ မရဘူး။ အမျိုးသမီးတွေကို အိမ်တွင်းအကြမ်းဖက်မှုတွေ တိုးလာတာ

တွေ့ရတယ်။ တစ်ခါတလေ လူတွေ့မေးမြန်းဖို့ ကျွန်မတို့ချည်းပဲ သွားလို့ မလုံခြုံဘူး။ တကယ်လို့ အမှုသည်က ညနေဘက်ပဲ အားတယ်ဆိုရင် ကျွန်မတို့ အချင်းချင်းပဲ ပြန်အဖော်လုပ်ရတယ်" ဟု ဆိုသည်။ ထိုအခြေအနေသည် အထူးသဖြင့် အမျိုးသမီး ရှေ့နေအကူများနှင့် သက်ဆိုင်သည်။

အခြားအခက်အခဲမှာ အမှုသည်များသည် အပြစ်ရှိသလား မရှိဘူးလားဟု မေးလျှင် မည်သို့ ပြန်ဖြေရမည်ကို မသိခြင်း ဖြစ်သည်။ သူတို့ဟာ နဝေတိမ်တောင် ဖြစ်ကြသည်။ များသောအားဖြင့် အမှုသည်များသည် ၎င်းတို့အတွက် ရှေ့နေလိုက်ပေးမည့်သူ မရှိတတ်ချေ။ ရှေ့နေအကူ တစ်ယောက်က အောက်ပါအတိုင်း ပြောသည်။

> ကျွန်တော်က စိတ်ထိခိုက် ခံစားနေရတဲ့ မိဘ သို့မဟုတ် အမှုသည်ကို ဆွေးနွေးတိုင်ပင်တာလို၊ ဝန်ဆောင်မှု ပေးသူတွေနဲ့ ချိတ်ပေးတာလိုမျိုးပဲ လုပ် ပေးနိုင်တာ။ ကျွန်တော်တို့မှာ ရပ်ရွာအတွင်း ဖြစ်တဲ့ အမှုတွေကို မှန်မမှန် စစ်ဆေးဖို့ နေရာ မရှိပါဘူး။ လူတွေအတွက် အမှုကို တိုင်ကြားတာ အမှုဖွင့်တာ မလွယ်ကူဘူး။ လူတွေအနေနဲ့ အမှန်တရားအတွက် ကျွန်တော်တို့ကို နောက်ဆုံးမှ ဖွင့်ပြောတာ သဘောပေါက်ပါတယ်။

ရှေ့နေအကူများက ပေးသော ဝန်ဆောင်မှုမှာ မလုံလောက်သည့်အတွက် အချို့သော အမှုသည်များက ကျေနပ်အားရမှုမရှိပေ။ အမှန်တွင် ရှေ့နေအကူများရင်ဆိုင်နေရသည့် အကန့်အသတ်များသည် ၎င်းတို့အတွက် ရုံးဌာနများသို့ ဝင်ထွက်နိုင်ခွင့် အကန့် အသတ်များ ရှိခြင်းကြောင့် ၎င်းတို့ အတွက် ထင်တိုင်းမပေါက်ဖြစ်ရသည်။ ဥပမာ - ရှေ့နေအကူများသည် တရားဝင် အသိအမှတ်ပြု လက်မှတ် မရှိသည့်အတွက် ကနဦး လေး၊ ငါးလတွင် တရားရုံးများသို့ ဝင်ထွက်ခွင့်နှင့် ရဲစခန်းတွင် အဖမ်းခံနေရသည့် အမှုသည်များနှင့် တွေ့ဆုံရန် အခက်အခဲများ ရှိခဲ့သည်။ ဥပဒေပညာသည်များသည် LGBT ပြဿနာများနှင့် အကျွမ်းဝင်မှု၊ SOGIE အလေးဂရုပြုသည့် ချဉ်းကပ်မှုများ မရှိခြင်းကြောင့် ရှေ့နေအကူတို့၏ ကူညီနိုင်စွမ်း နည်းပါးသွားရသည်။ မည်သို့ပင် ဆိုစေ အချို့သော အမှုသည်များသည် ရှေ့နေအကူများပေးသည့် ဥပဒေအကြံဉာဏ်တို့အပေါ် ပျော်ရွှင်ကျေနပ်ကြပြီး အမှုသည်များအနေဖြင့် ၎င်းတို့ဘာသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ကြသည်။ ယခင်က တရားရုံးမှ တံခါးမှူးများနှင့် ရဲအချုပ်ခန်း တာဝန်ကျ အရာရှိများက ရှေ့နေအကူများကို ဝင်ထွက်ခွင့် မပြုကြသော်လည်း ယခုအခါ တံစိုးလက်ဆောင်တောင်းသည့် အချို့သောအကျင့်ပျက်ဝန်ထမ်းမှလွဲလျှင် ရှေ့နေအကူ တို့ကို ဝင်ထွက်ခွင့် ပြုလာကြသည်။ များသောအားဖြင့် ထိုရဲများနှင့် တရားရုံးမှ ဝန်ထမ်းများသည် ရှေ့နေအကူများကို ၎င်းတို့၏ အမှုသည် များနှင့် ဆက်လက် လိုက်ပါ ဆောင်ရွက်ရန် တိုက်တွန်းကြသည်။ သို့သော် ရှေ့နေ အကူများအတွက် လုံခြုံရေး စိုးရိမ်စရာ ရှိသည်။ ၎င်းတို့သည် အမှုသည် ပြောသမျှကို မှန်မမှန် စစ်ဆေးရန် အမှုဖြစ်ပွားသည့် နေရာသို့ သွားကာမိတ်ဆွေများ၊ သက်သေ များနှင့် မိသားစုဝင်များကို သင့်တော်သလို မေးမြန်းကြသည်။ ၎င်းတို့၏ အတွေ့အကြုံ အရ ရှေ့နေအကူများသည် တရားရေး စနစ်အပေါ် ယုံကြည်မှု မြင့်မားလာပြီး တရား ဥပဒေ စိုးမိုးရေး အပိုင်းတွင် အပြောင်းအလဲများ ပိုမို လိုချင်ကြသည်။

အမှု၏ စိတ်ချရမှုနှင့် ပတ်သက်၍ ၎င်းတို့က အောက်ပါအတိုင်း ပြောသည်။

> ကျွန်တော်တို့က အမှုသည်ဆီကနေ ပထမဆုံး အမှုကို နားထောင်တယ်။ သူတို့ပြောတာကို စစ်ဆေးဖို့ ဖြစ်ပွားတဲ့နေရာကို သွားပြီး သူတို့ရဲ့ သူငယ်ချင်း တွေကိုဖြစ်ဖြစ် မျက်မြင်သက်သေတွေကိုဖြစ်ဖြစ် မေးတယ်။ အများစုကတော့ အမှုသည်တွေ ပြောတဲ့အတိုင်း မှန်ကန်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ဥပဒေရေးရာ ဝန်ဆောင်မှုတွေကို ကျွန်တော်တို့ အခမဲ့ ပေးဖို့ လိုအပ်တယ်။ လူအများစုက ရှေ့နေခ မတတ်နိုင်ကြဘူး။ ဒါ့ကြောင့် အမှုတော်တော်များများက သက်ဆိုင်ရာ အာဏာပိုင်တွေကို မတိုင်ကြားနိုင်ဘူး။ ကျူးလွန်ခံရသူ အများစုက တရားရုံးကနေ သူတို့ရဲ့ အခွင့်အရေးဖြစ်တဲ့ ဥပဒေအရ အကာအကွယ်ပေးမှုကို မတောင်းခံကြ ဘူး။"

ဥပဒေစိုးမိုးရေး ဝန်ထမ်းများ အပါအဝင် လူထု၏ လူ့အခွင့်အရေး ချိုးဖောက်မှု ရှိနေသော နေရာများတွင် လူ့အခွင့်အရေး သင်တန်းများ ဆက်လက်ပေးရန် များစွာ လိုအပ်မှုကို စီမံကိန်း ဒေသမှ တွေ့ရှိချက်များက ညွှန်ပြသည်။

> ဥပဒေစိုးမိုးရေး အရာရှိတွေက တရာဥပဒေ စိုးမိုးရေးအတွက် မျှမျှတတ ဆောင်ရွက်ဖို့ ကျွန်တော်တို့ လုပ်ရမယ်။ တရားရေး စနစ်ဟာ လွတ်လပ်မှု ရှိရမယ်။
>
> ပြည်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ ရှေ့နေအကူတစ်ဦး

လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် ဖြစ်ပေါ်နေပြီး အထူးသဖြင့် လှိုင်သာယာ မြို့နယ်တွင် ဖြစ်ပေါ်နေကြောင်း ထင်ရှားသည်။ အမှုအခင်းများကို တရားရုံးသို့ ရောက်ရှိအောင် ဆောင်ရွက်ရန် ရှေ့နေကလည်းအလုံအလောက် မရှိပေ။ ရှေ့နေ အကူ၏ အလုပ်သည် ဥပဒေဆိုင်ရာ အကြံပေးခြင်းအတွက်သာ လုံလောက်သည်။ မတရား ခံရသူ အများစုမှာ ရှေ့နေခ မတတ်နိုင်သည့်အတွက် တရားရုံးက ဆုံးဖြတ်ချက် မချမီ အမှုကို ရုပ်သိမ်းသွားလေ့ ရှိသည်။ ဒေသသုံးခုတွင် LGBT တို့ အကြမ်းဖက်မှုနှင့် မတရား ပြုကျင့်မှုတို့ကို ခံစားကြရပြီး ကျူးလွန်သူများ၏ အချက်အလက်ကို စစ်ဆေး ဖော်ထုတ်ခြင်း မရှိပေ။ အကြမ်းဖက်မှုများသည် ညဥ့်အခါတွင် ဖြစ်ပွားပြီး ကျူးလွန် ခံရသူများက မည်သူမည်ဝါ ဖြစ်သည်ကို မသိရှိနိုင်ခြင်း သို့မဟုတ် သိသော်လည်း ဖော်ထုတ်ရန် ကြောက်ရွံ့ခြင်းများ ရှိသည်။ ထို့အချက်က ကျူးလွန်သူကို ဥပဒေအရ အရေးယူရန် လမ်းလွဲသွားစေသည်။

စီမံကိန်းသည် မြန်မာနိုင်ငံ၏ တရားရေး စနစ်မှ အားနည်းချက်ကို မီးမောင်းထိုးပြပြီး Colors Rainbow ၏ ရှေ့နေအကူများ ဖွင့်လှစ်တိုင်ကြားထားသော LGBT တို့ အခွင့်အရေးချိုးဖောက်ခံရမှုများသည် ပြဿနာတစ်ရပ်၏ရေပေါ်ပေါ်နေသည့် ထိပ်ဖျား မျှသာ ဖြစ်သည်။ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရမည့် အဖွဲ့အစည်းများသည် အားနည်းနေသေးသည်။ တရားရုံး လုပ်ထုံးလုပ်နည်းများမှာ နှေးကွေးပြီး တရားသူကြီး များမှာ လွတ်လပ်မှုမရှိပေ။ ထို့ကြောင့် ပြည်သူလူထုက တရားရေးစနစ်ကို အယုံအကြည် မရှိပေ။ တရားရေး စနစ်မှ အရာရှိ အချို့သည့် LGBT တို့၏ အခွင့်အရေးကို ဖောက်ဖျက် ခြင်းသို့မဟုတ် LGBT တို့ကို အကြမ်းဖက်ရာတွင် ပါဝင်ကြသည်။ ရှေ့နေတို့က အမှုသည် များကို အခမဲ့ ဝန်ဆောင်မှု မပေးလိုကြချေ။

အလွတ်တန်း ရှေ့နေများသည် စေတနာ့ ဝန်ထမ်းများ ဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ အမှုများအတွက် အချိန်အလုံအလောက်မပေးနိုင်ပေ။ ထို့ပြင် ၎င်းတို့မှာ လူ့အခွင့်အရေး ရှေ့နေအဖြစ် လေ့ကျင့်ထားခြင်း မဟုတ်ဘဲ ထိုသို့ လေ့ကျင့်ထားလျှင်ပင် LGBT တို့၏ အခွင့်အရေးများကို ကာကွယ်ရန် လုံလောက်သော အလေးဂရုပြုမှု မရှိကြပေ။ ရှေ့နေအကူများအကြားတွင်လည်း ဆက်သွယ်ရေး ပြတ်တောက်လျက် ရှိပြီး မှတ်တမ်းတင်မှု ထပ်နေသော အမှု အနည်းငယ် ရှိသည်။ ထို့ကြောင့် ပုံမှန် ညှိနှိုင်းရေး အစည်းအဝေးများ လိုအပ်သည်။

လှိုင်သာယာတွင် ရှေ့နေအကူတို့က Hlaingtharyar Justice Centre သို့ အမှုများကို ပေးပို့သည်။ ယခုအခါ ရှေ့နေများက အချို့သော အမှုများကို ကိုင်တွယ်နေကြပြီး အချို့ အမှုသည်တို့မှာ အာမခံဖြင့် လွတ်နေကြသည်။ တရားရုံးများ၏ နှေးကွေးသော ဆောင်ရွက်မှုများကြားမှ မျှတ၍ သမာသမတ်ကျသော တရားဥပဒေ၏ အကာအကွယ် ရရှိရန် အကြီးမားဆုံး အခက်အခဲ ဖြစ်သည်။ များသောအားဖြင့် လူများသည် ဥပဒေ၏ အကာအကွယ် ရယူရန် အားထုတ်မှုကို စွန့်လွှတ်ကြသည်။ တရားသူကြီးများက အချိန်မီ စီရင်ချက် မချမှတ်ကြဘဲ အမှုသည်များကလည်း ရုံးသို့နှစ်ပတ်တစ်ခါ မသွားနိုင်ကြပေ။

ရှေ့နေအကူတို့သည် အချို့သော အမှုများတွင် အမှုသည်များကို တရားရုံး သို့မဟုတ် ရဲစခန်းတွင် ကူညီနိုင်ကြသည်။ ၎င်းတို့သည် ယခုအခါ LGBT အသိုင်းအဝိုင်းအကြား ကွန်ရက်ချိတ်ဆက်နိုင်ပြီး ဗဟုသုတနှင့် ကျွမ်းကျင်မှု အသစ်များ ရရှိခြင်းကြောင့် ကျေနပ်နေကြသည်။ LGBT အသိုင်းအဝိုင်းနှင့် ပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် LGBT တို့တွင်လည်း လူ့အခွင့်အရေး ရှိသည်ကို တန်းတူညီမျှ ရရှိခံစားထိုက်သည်ဟု သိရှိလာကြသည်။ စီမံကိန်း ဒေသများမှ LGBT တို့ကလည်း ၎င်းတို့ကို အလေးတယူ နားထောင်ပေးပြီး ၎င်းတို့ပြောသည့်အတိုင်းလည်း နားထောင်ကြသည့်အတွက် ပျော်ရွှင်ကြသည်။ စီမံကိန်းက ရှေ့နေခ မတတ်နိုင်သူများကို ကူညီနေသဖြင့် ကျေနပ်ကြပြီး ယခုအခါ ဆင်းရဲသော LGBT တို့သည်လည်း ဥပဒေအကြံဉာဏ်များ ရယူနိုင်ကြသည်။ ရှေ့နေအကူများအဆိုအရ လွန်ခဲ့သော လအနည်းငယ်အတွင်း LGBT တို့၏ အခြေအနေများ တိုးတက်လာသည်။ ယခုအခါ LGBT တို့သည် ၎င်းတို့၏ လစဉ် အစည်းအဝေးများနှင့် အခြား စုဝေးပွဲများကို ကြောက်စရာ မလိုဘဲ ကျင်းပ နိုင်ပြီး ယခင်က ၎င်းတို့အနေဖြင့် တစ်ခုခုလုပ်ရန် ကြောက်ရွံ့ခဲ့ကြရသည်။ ၎င်းတို့က -

> “အခု ကျွန်တော်/မတို့ကို လူထုက တစ်ဖက်သတ် ဝေဖန်မှုတွေ မရှိတော့ပါဘူး။ လူထုကြားထဲမှာ ကျွန်တော် မတို့ဟာလည်း သာမန်လူသားများဖြစ်ပြီး လူထု အကျိုး အတွက် ပါဝင်ဆောင်ရွက် နိုင်သူတွေအဖြစ် သူတို့ လက်ခံလာကြပါပြီ။ အမျိုးသားချင်း ချစ်ခင် စုံမက်သူနှင့် ဆန့်ကျင်ဘက် လိင်အဖြစ် ပြောင်းလဲခံယူ နေထိုင်သူ အများစုဟာ သူတို့ရဲ့ အခြေခံ လူ့အခွင့်အရေးတွေကို နားလည် လာကြပြီး သူတို့ရဲ့ အပြုအမူတွေဟာလည်း လက်လွတ်စပယ် မလုပ်ကြတော့ပါ ဟုပြောသည်။”

ရှေ့နေအကူများက စီမံကိန်းကို မြို့လေးများတွင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ ပြည်နှင့် လှိုင်သာယာမှ ရှေ့နေအကူတို့က အောက်ပါအတိုင်း ပြောသည်။

> “ပြီးခဲ့တဲ့ ခြောက်လမှာ ကျွန်တော်တို့ အမှုသည်တွေ ပိုပိုများများ လာပါတယ်။ အရင်က အမှုသည်ကို ကျွန်တော်တို့က လိုက်ရှာရပေမယ့် အခု သူတို့က ကျွန်တော်တို့ကို ပြန်လိုက်နေကြရတယ်။ ပြည်နဲ့ လှိုင်သာယာအပြင် ကျွန်တော်တို့ တာဝန်ယူတဲ့ ဒေသမှာမပါတဲ့ ရွာတွေ ကပါ ကျွန်တော်တို့ကို ဆက်သွယ်လာပါတယ်။ ကျွန်တော်တို့ရဲ့ လစဉ် အစည်းအဝေးတွေကို ရပ်မိရပ်ဖတွေ၊ အချို့သော ရှေ့နေတွေနဲ့ အရာရှိတွေကို ဖိတ်ပြီး ကျွန်မတို့ ရင်ဆိုင်နေရတဲ့ အမှုတွေကို ပေးနားထောင်ပါတယ်။ မကြာခဏဆိုသလို သူတို့ကလည်း ဆက်လက်ပြီး ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတဲ့ အဖိုးတန် အကြံတွေကို ပေးပါတယ်။”

လူဦးရေ ၈၀၀,၀၀၀ ကျော်ရှိသည့် လှိုင်သာယာသည် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ရယူရန် အခကြေးငွေ မတတ်နိုင်သူများအတွက် ရှေ့နေအကူများ ပိုမိုလိုအပ်သည်။ ဒေသခံ အာဏာပိုင်များနှင့် ခေါင်းဆောင်များကိုလည်း လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ ပေးရန် လိုအပ်သည်။

စီမံကိန်း ဆက်လက်ဆောင်ရွက်ပြီးနောက်ပိုင်းတွင် LGBT တို့ကြောင့် ၎င်းတို့ အသိုင်းအဝိုင်းအတွင်း အကောင်းဘက်သို့ပြောင်းလဲမှုများ ရှိလာသည်။ ၂၀၁၅ ခုနှစ် အစောပိုင်းက LGBT တို့သည် ၎င်းတို့ ကြုံတွေ့ကြရသော ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကြောင့် ၎င်းတို့ကိုယ်၎င်းတို့ သားကောင်ဘဝမှာပင် နေခိုင်းခဲ့ကြသည်။ ခွဲခြားဆက်ဆံသည့် အမူအကျင့်များ၊ အမြင်စွဲများနှင့် အကြမ်းဖက်ခြင်းများကို မျိုသိပ်ထားကြခြင်းဖြင့် LGBT များသည် လူ့အသိုင်းအဝိုင်းတွင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုကို လျော့ပါးအောင်လုပ်ခဲ့ကြသည်။ သို့သော် စီမံကိန်း ကာလ တစ်လျှောက် LGBT တို့သည် ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများနှင့် ဥပဒေပါ အခွင့်အရေးများကို လေ့လာကြပြီး ၎င်းတို့လည်းတိုးတက်ပြောင်းလဲခဲ့သည်။ ၂၀၁၅ ခုနှစ် အကုန်ရောက်တော့ ၎င်းတို့၏ အမြင်များ မည်ကဲ့သို့ ပြောင်းလဲသွားသည်၊ မတရားမှုကို ဖော်ထုတ်ရာတွင် ကိုယ့်ကိုယ်ကို ယုံကြည်မှုများ မည်သို့ ရှိလာသည်၊ ရပ်ရွာလူထုနှင့် မည်သို့ သဟဇာတဖြစ်လာသည်တို့ကို ပြောပြသည်။ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ပုံစံအမျိုးမျိုးဖြင့် ခံနေရသူများ၊ တရားမျှတမှုကို ရှာဖွေနေကြသူများကို ကူညီနေသူများဖြစ် ကိုယ့်ကိုယ်ကို သိရှိလာကြသည့် ရှေ့နေအကူများကလည်း ၎င်းတို့ အလုပ်သစ်ကို ယခင်ကထက် မြတ်နိုးတန်ဖိုးထားလာကြသည်။

၅.၁

ဥပဒေရေးရာမူဘောင်အတွင်း အကြံပြုတိုက်တွန်းချက်များ

• ရှေ့နေအကူများနှင့် LGBT အသိုင်းအဝိုင်းအကြားမှ လူ့အခွင့်အရေးပိုမိုကျယ်ပြန့် စွာ အသိပေးလှုံ့ဆော်ရေးသမားများအတွက် ဥပဒေဆိုင်ရာသင်တန်းများ ပိုမိုပေးရန်လိုအပ်ပါသည်။

• ယေဘုယျပြည်သူလူထုအတွက် ဥပဒေရေးရာအထောက်အပံ့များ ပိုမိုပေးရေးရေးအတွက် အားကောင်းသည့်လိုအပ်ချက်တစ်ခုရှိကြောင်း ညွှန်ပြလျက်ရှိသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လက အရပ်သားအစိုးရသစ်သည် အားလုံးအတွက် ဥပဒေဆိုင်ရာအကူအညီတစ်ခုပေး သော ဥပဒေရေးရာအကူအညီပေးရေး ဥပဒေတစ်ခုကို အတည်ပြုလိုက်ကြောင်း ကျွန်ုပ်တို့ မှတ်သားမိပါသည်။ ဤသည်မှာ ထိုအခွင့်အလမ်းသည် သာတူညီမျှရှိကြောင်း သေချာစေရန် အနီးကပ်စောင့်ကြည့်လေ့လာသွားရန် လိုအပ်ပါသည်။

• ဥပဒေ၌ အားလုံးပါဝင်သည့်အကောင်အထည်ဖော်ဆောင်မှုတစ်ခု ဖော်ဆောင်ရန်အလို့ငှာ LGBT များ၏အားနည်းချက်ကို ဥပဒေပြဌာန်း သူများက နားလည်ရန်အရေးတကြီးလိုအပ် ပါသည်။ သုတေသနလုပ်ငန်းများထပ်မံပြုလုပ်ပါက ဤအရေးတကြီးကိစ္စကို ပိုမိုသိရှိလာ ဖွယ်ရှိပါသည်။

• LGBT တစ်ဦးတစ်ယောက်ချင်းစီက တိုင်တန်းသည့်အမှုအများစုသည် ရဲမှုရေးရာနှင့်ဆက် စပ်သည်ဟူသောအချက်မှာ ဥပဒေတည်တံ့ရေးဆောင်ရွက်သူများကို အသိပေးစီမံချက် များ၌ တိုက်ရိုက်ပစ်မှတ်ထားရန် လိုအပ်သည်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အဆင့်သုံးဆင့်ပါစည်းရုံးလှုံ့ဆော်မှုအစီအစဉ်တစ်ခုကို အဆိုပြုထားပါသည်။

• ရှေးဦးစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲအရာရှိများကို ဥပဒေရေးရာနှင့် နိုင်ငံသားအခွင့်အရေးများအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သင်တန်းများပေးရန်။

• ဒုတိယအနေနှင့် လူ့အခွင့်အရေးချိုးဖောက်သည့် ရဲအရာရှိများကို တိုင်တန်းရမည့် လုပ်ထုံးလုပ်နည်းတစ်ခုကို တည်ဆောက်ဖော်ဆောင်ပေးရေးအတွက် အစိုးရကို အားပေးတိုက်တွန်းရန်။

• တတိယမှာ LGBT လူ့အသိုင်းအဝိုင်းအပေါ် မတရားသဖြင့်ရှုတ်ချဝေဖန်ဆက်ဆံခြင်းကို လျှော့ချရန် ရဲတပ်ဖွဲ့အတွက် စာနာနားလည်ထောက်ထားရေး အလုပ်ရုံဆွေးနွေးပွဲများစတင်ခြင်း။

• တရားရုံးလုပ်ထုံးလုပ်နည်းများ/ လုပ်ငန်းစဉ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထိရောက်စွာစုပေါင်းဆောင်ရွက်သည့် အားပေးတိုက်တွန်းမှုရှိမည့် စနစ်တစ်ခုရှိသင့်ပါသည်။

• LGBT လူ့အသိုင်းအဝိုင်းကို ခွဲခြားဆက်ဆံသည့် တည်ဆဲဥပဒေများ (အမည်အားဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၇၇ နှင့် "မှောင်ရိပ်ခိုမှုနှင့်ရုပ်ဖျက်မှု")၌ ဥပဒေများ/ ဥပဒေအပိုဒ်ငယ် များ/ ဥပဒေရေးရာစကားရပ်များတွင် ပြင်ဆင်ဖြည့်စွက်ရန်အတွက် အားပေးတိုက်တွန်းရန် လိုအပ်ချက်တစ်ခုရှိပါသည်။ ယင်းသို့သောအားပေးတိုက်တွန်းမှုသည် လိင်ပိုင်းဆိုင်ရာလူ နည်းစုများပါဝင်ရေးအပေါ် အလေးထားသည့် "ခွဲခြားမှုမရှိရေးဥပဒေ" တစ်ခုကို ပြဌာန်းရန် အစိုးရသစ်ကို စည်းရုံးတိုက်တွန်းခြင်းအပေါ် အလေးထားသင့်သည်။

၅.၂

ဥပဒေဘောင်ပြင်ပ အကြံပြုတိုက်တွန်းချက်များ

• ဤအရေးကိစ္စကို ရှုထောင့်မျိုးစုံမှနားလည်ရန် LGBT နှင့် ပညာရေး/ကျန်းမာရေးဝန်ဆောင်မှုများ၊ LGBT နှင့် အလုပ်အကိုင်၊ LGBT နှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍတို့ကဲ့သို့သော အကြောင်းအရာအလိုက်ကိစ္စများအပေါ်တွင် နက်နဲစွာလေ့လာမှုများ၌ ပိုမိုဆောင်ရွက်ရန် လိုအပ်ချက်ရှိပါသည်။ LGBT အသိုင်းအဝိုင်းများကို လုပ်ပိုင် ခွင့်ပေးရန်နှင့် အလုပ် အကိုင်အတွက် ၎င်းတို့၏အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု ပိုမိုကောင်းမွန်စေရေး သင်တန်းပေးရန်လည်း လိုအပ်ပါသည်။ ဆန့်ကျင်ဘက်လိင်ပြောင်းလိင်လုပ်သားများစွာတို့ သည် ၎င်းတို့၏ အလုပ်အကိုင်ကို ပြောင်းလိုကြသည့်တိုင် အခြားအလုပ်အကိုင်များမှာ ငွေ ကြေးအရင်းအနှီး၊ သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုနှင့် သင်တန်းများလိုအပ်သဖြင့် ၎င်းတို့ အနေနှင့် ထိုသို့ပြောင်းလဲလုပ်ကိုင်ရန် အခွင့်အလမ်းမရှိကြပေ။ အမျိုးသမီးချင်းချစ် ခင်စုံမက်သူများ (နှင့်ယေဘုယျအားဖြင့် အမျိုးသမီးများ) အတွက် ၎င်းတို့အပေါ်အမြတ် ထုတ်လိုကြသော အမျိုးသားများ၏ရန်မှကာကွယ်ရန် "ကိုယ်ခံပညာသင်တန်း" များပေးရန်လည်း အကြံပြုပါသည်။ အမျိုးသမီးချင်းချစ်ခင်စုံမက်သူများ၏ ဖြေကြားချက် များအရ အမျိုးသားအသိမိတ်ဆွေများက ၎င်းတို့အပေါ် (လုပ်ထိုက်၍လုပ်သည်ဟု ဆိုသော) အဓမ္မပြုကျင့်မှုများ ကျူးလွန်ကြကြောင်း ပြောဆိုကြသည်။

• ရှေ့နေအကူများသည် အချိန်တိုအတွင်းမှာပင် တိုးတက်မှုများပြသခဲ့သည်။ ဤသည်မှာ ရှေ့နေအကူများ၏ စဉ်ဆက်မပြတ်စွမ်းရည်တည်ဆောက်မှု/ လုပ်ပိုင်ခွင့်များအတွက် လိုအပ်ချက်ကို ညွှန်းဆိုလျက်ရှိသည်။

• ရှေ့နေအကူဝန်ထမ်းသည် ပိုမိုထိရောက်သည့် ဥပဒေရေးရာအကူအညီများပေးရေးအတွက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ရန် အချိန်များစွာ ပိုမိုလိုအပ်ပါသည်။

• LGBT တစ်ဦးတစ်ယောက်ချင်းစီပါဝင်သော အမှုများကိုကိုင်တွယ်ဖြေရှင်းရာ၌ ပူးပေါင်း ဆောင်ရွက်မည့် ဆက်စပ်ပတ်သက်သည့်အဖွဲ့အစည်းများ (ရဲ၊ ဥပဒေလိုက်နာရေးအာဏာ ပိုင်များ၊ အစိုးရဌာနများ) နှင့်အတူ ထိတွေ့ဆက်ဆံမှု ပိုမိုခိုင်မြဲစေရန် ရှေ့နေအကူများနှင့် LGBT တစ်ဦးတစ်ယောက်ချင်းစီအတွက် လိုအပ်ပါသည်။

• LGBT အသိုင်းအဝိုင်းအပေါ် ပြည်သူလူထုအမြင်များကို ပြောင်းလဲရန်နှင့် ၎င်းတို့ခံစားရသည့် အကြမ်းဖက်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုများကို အများသိစေရန်အတွက် ပင်မရေစီး မီဒီယာများနှင့် လူမှုမီဒီယာများစသည့် နှစ်မျိုးစလုံးကို အသုံးပြုသင့်ပါသည်။

• နိုင်ငံအတွင်းနှင့်အပြင် နှစ်နေရာစလုံးရှိ LGBT ကွန်ရက်များသည် ပိုမိုမြင်သာ၍ ပေါင်းစည်း ညီညွတ်သော LGBT လှုပ်ရှားမှုတစ်ခုအတွက် ခိုင်မာတောင့်တင်းရန် လိုအပ်ပါ သည်။ အခြားနိုင်ငံများမှ အကောင်းဆုံးဖြစ်စဉ်အလေ့အကျင့်များ အတုယူကျင့်သုံးခြင်းကို လည်း ရှာဖွေသင့်ပါသည်။

• လူ့အခွင့်အရေးနှင့် ဥပဒေရေးရာအခွင့်အရေးများ အများသိစေရေးဆိုင်ရာသင်တန်းများ ထပ်မံပေးခြင်းသည် မရှိမဖြစ်လိုအပ်ပြီး၊ အနာဂတ်သင်တန်းများသည် နောက်ဆက်တွဲအစီအစဉ်များပါရှိသည့် ရေရှည်အစီအစဉ်များ ပိုမိုပါဝင်သင့်သည်။ ခွဲခြားဆက်ဆံမှုကို ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ရသည့်နည်းလမ်းအတိုင်း တိုးတက်မှုများကိုတွေ့မြင်ကြသဖြင့် ပါဝင်ကြသူ များစွာတို့သည် ထောက်ခံအားပေးမှုနှင့် ပညာရေးအစီအစဉ်များ၌ ပါဝင်လာရန် ပိုမိုစိတ် အားထက်သန်လာကြသည်။

• သင်တန်းအစီအစဉ်များသည် အသိုင်းအဝိုင်းတစ်ခုလုံးပါဝင် သင့်ပြီး၊ မတူညီသော အသိုင်း အဝိုင်းနှစ်ခုအား ချိတ်ဆက်မိစေရန်၊ LGBT အသိုင်းအဝိုင်းအပေါ်တွင် ဖယ်ကြဉ်ထားသည့် သက်ရောက်မှုကို အများသိစေရန်နှင့် ကွဲပြားခြားနားမှုကို လေးစားလျက်နားလည်မှုများစွာ ရှိစေရန်အလို့ငှာ LGBT မပါဝင်သူများနှင့် LGBT မဟုတ်သော ပါဝင်သူများကို ရောနှောပေး သင့်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း LGBT တစ်ဦးတစ်ယောက်ချင်းစီ ရင်ဆိုင်ကြုံတွေ့ရသည့် ခွဲခြား ဆက်ဆံခံရခြင်းများသည် တစ်မူထူး၍ လွန်ကဲလွန်းလှပါသည်။ ဤအစီရင်ခံစာအတွင်း တင်ပြထား သည့်အတွေ့အကြုံများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်လျက်ရှိသော ကျယ်ပြန့်သည့်လူ့အခွင့်အ ရေးလှုပ်ရှားမှုအတွင်း အပယ်ခံ၊ အနှိပ်ကွပ်ခံရပြီး အလေးထားမှုတစ်ခုလိုအပ်လျက်ရှိသည့် လူ့အ သိုင်းအဝိုင်းတစ်ခုကို မီးမောင်းထိုးပြထားပါသည်။ သရုပ်ပြထားသည့်အတိုင်း အနိုင်ကျင့်ခံရသည့် LGBT များအတွက် အရေးအကြီးဆုံးသောအခက်အခဲများအနက်တစ်ခုမှာ လိင်တူချင်းနှစ်သက်သူ များနှင့် ဆန့်ကျင်ဘက်လိင်ပြောင်းလဲခံယူသူများကို တစ်ဖက်စောင်းနင်းမုန်းတီးခံရမှုကိုခံစားရခြင်း၊ လူ့အခွင့်အရေးများကို မသိရှိကြခြင်းနှင့် ထိုသူတို့အားမနှစ်မြို့ဖွယ်ရာအဖြစ် ပြဌာန်းထားသည့် ဥပဒေစနစ်တစ်ခုတို့ကဲ့သို့သော တရားမျှတမှုကိုတောင့်တရာ၌ ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသော များပြားလှသည့်အဟန့်အတားများပင်ဖြစ်သည်။ အရာအားလုံး၏ အရေးအကြီးဆုံးတစ်ခုဖြစ်တန် ရာရှိသည်မှာ LGBT များကို ကိုယ်အားဖြင့်၊ လိင်အားဖြင့်၊ ထို့နောက် နှုတ်အားဖြင့်အနိုင်ကျင့်သည့် အဓိကပြစ်မှုကျူးလွန်သူများအနက်တစ်ခုဖြစ်သည့် ရဲများကို နေရာတိုင်းနှင့် ဥပဒေအရ ကြောက်ရွံ့ရခြင်းဖြစ်သည်။

CRB ၏ ဥပဒေစိုးမိုးရေးမြှင့်တင်မှုအစီအစဉ်သည် LGBT ခွဲခြားဆက်ဆံမှု ပြဿနာ အပေါ်တွင် အား အင်ကြီးမားသောသက်ရောက်မှုတစ်ခုရှိကာ၊ ဤသို့ မကြာခဏ အပစ်ပယ်ခံရသည့် အသိုင်းအဝိုင်းကို လူ့အခွင့်အရေးများနှင့် တရားမျှတမှု များပေးသည့် ဥပဒေရေးရာစနစ်တစ်ခု ပြဌာန်းရေးအတွက် အရေးပါသည့် အခြေခံ အုတ်မြစ်ကို ချမှတ်ပြီးဖြစ်ပါသည်။ လူ့အခွင့်အရေးအသိပေးမှုသင်တန်းအစီ အစဉ်ကို စိတ်အားတက်ကြွစွာပါဝင်ခဲ့ကြပြီး၊ တက်ရောက် လာသူများကို လေ့လာမှတ်သား မိသည့် အပြုအမူပြောင်းလဲမှုများသည် သေးသေးမွှားမွှား အောင်မြင်မှု မဟုတ်ပေ။ တရားမျှတမှုမရှိခြင်းကို စိန်ခေါ်နိုင်၊ စိန်ခေါ်သင့်သော အသိများ ကြီးထွားလာကာ ချိုးဖောက်ခံရသူများအတွက် တရားမျှတ သောဥပဒေရေးရာစနစ်တစ်ခုရရှိရန် တောင်းဆိုမှုများလည်းကြီးထွားလာလျက်ရှိသည်။ ထို့ပြင် ရှေ့နေအကူများ၏သင်တန်းမှ အချက်အချာကျသည့်အသီးအပွင့်တစ်ခုဖြစ်သော အနိုင် ကျင့်မှုများဆိုင်ရာ မှတ်တမ်းများသည် LGBT အသိုင်းအဝိုင်းကိုနေရာတကာ၌ခွဲခြားဆက်ဆံခြင်း နှင့်အနိုင့်အထက်ပြုခြင်းများ ဆိုင်ရာ အရေးပါသည့်အထောက်အထားကိုပေးသဖြင့် အရေးယူ ဆောင်ရွက်စေရန် တိုက်တွန်းရာ၌ အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်ကာ မူဝါဒချမှတ်သူများနှင့် အပြောင်းအလဲအတွက် အရေးပါသူ များကို စည်းရုံးနိုင်ပါသည်။ ထို့အပြင် LGBT တစ်ဦးတစ်ယောက်ချင်းစီနှင့် ပိုမိုကျယ်ပြန့်သည့်လူ့အသိုင်းအဝိုင်းတို့အကြား တိုးတက်လာသည့်ဆက်ဆံရေးကြောင့် LGBT ပုဂ္ဂိုလ်များကို လူ့အသိုင်းအဝိုင်း၏အဖွဲ့ဝင်များအဖြစ်တရားဝင်ဖြစ်စေပြီး၊ ၎င်းတို့ကို အကျင့်ပျက်သူ များနှင့် ပြဿနာကောင်များအဖြစ်ရှုမြင်မှုများကို ပျက်ပြယ်စေပါသည်။ လူတွေ့မေး မြန်းထားသည့် LGBT မဟုတ်သည့်လူ့အသိုင်းအဝိုင်းမှပုဂ္ဂိုလ်များအနက် အများစု၏စိတ်သဘော ထားပြောင်းလဲမှု က အထက်ပါအဆိုကို လက်တွေ့ပြလျက်ရှိပါသည်။

သို့ရာတွင် အစီအစဉ်၏အလေ့အကျင့်ကောင်းများမှာ များပြားလှသော်လည်း အရေးပါသည့်အခက် အခဲများမှာလည်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာ ကာလတစ်လျှောက်လုံးတွင် မြင့်တက် လျက်ရှိသည်ကို ငြင်းဆန်၍မရနိုင်ပေ။ အနိုင်ကျင့်မှုအဖြစ်အပျက်များ၏ မှတ်တမ်းသည် အမှန် တကယ်အသုံးဝင်သော်လည်း ရှေ့နေအကူများ၏ အချက်အခြာကျသည့်အခြားသော ကဏ္ဍတစ်ခုမှာ အနိုင် ကျင့် ခံရသူများအား ၎င်းတို့၏အမှုများကိုတရားရုံးသို့ ဆောင်ကြဉ်းရေးအတွက် ကူညီပေးရန်ဖြစ်ခဲ့သည်။ စီမံကိန်း၏ဤလိုအပ်ချက်သည် အကူအညီ ပေးလိုသောဥပဒေအကျိုး ဆောင်များမရှိသဖြင့် သိသိသာသာပင် အခက် အခဲဖြစ်ခဲ့ရသည်။ ဆိုလိုသည်မှာ တင်ပြထားသည့် အမှုဖြစ်စဉ်အများစုမှာ ဥပဒေအရအရေးယူခြင်းဖြင့် ပြီးဆုံးခဲ့သည်ဟူ၍မရှိသေးပေ။ ထပ်တလဲလဲ ဖြစ်သည့်အခြားသောပြဿနာတစ်ခုမှာ အနိုင်ကျင့်ခံရသူများ (ယင်းမှာ အနိုင် ကျင့်ခံရသူများသည် ဥပဒေအရအရေးယူမှုကို လက်ကိုင်ပြုခြင်းမရှိပေ) အတွက် ဥပဒေရေးရာစနစ်အတွင်း စိတ်ချမှုနှင့် ယုံကြည်မှုကင်းမဲ့ခြင်းဖြစ်သည်။ ဤအရေးကိစ္စများ၏ ဦးတည်ချက်လားရာတွက်ဆမှုသည် အချိန်ယူမည်ဖြစ်ကာ သက်ဆိုင်ရာဆက် စပ်ပတ်သက်သူများနှင့် မူဝါဒချမှတ်သူများ၏ အပြောင်းအလဲမရှိသည့် ကြိုးပမ်းမှုဖြစ်သည်။ လူ့အခွင့်အရေးလူထုအသိပေး ခြင်းနှင့် သင်တန်းအစီအစဉ်များ တိုးမြှင့်ခြင်းသည် အားလုံးပါဝင်၍တရားမျှ တသော ဥပဒေစနစ်တစ်ခုတောင်းဆိုရန်နှင့် အနိုင်ကျင့်ခံရသူများအား အပြောင်း အလဲ၏ကိုယ်စား လှယ်များအဖြစ် လုပ်ပိုင်ခွင့်ပေးခြင်း ဖြစ်ရေးအတွက် LGBT အသိုင်းအဝိုင်းအတွင်း တွန်အားတစ်ခု ပိုမိုတိုးမြှင့်ရန် လိုအပ်ပါလိမ့်မည်။ တာဝန်မကျေသော အပြုအမူကိုကိုင်တွယ်ဖြေရှင်းရန် ရဲတပ်ဖွဲ့ အထိကမ်းလင့်သည့် အစီအစဉ်များသည်လည်း မရှိမဖြစ်အရေးပါ၍ ပိုမိုကျယ်ပြန့်သောလူ့အသိုင်း အဝိုင်းနှင့် အဓိကမူဝါဒကျမှတ်သူများ၏ အားပေးကူညီမှုလိုအပ်မည်ဖြစ်သည်။ တိုင်တန်းမှုစနစ် တည်ဆောက်ခြင်းသည် မတရားမှုကျူးလွန်သည့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ခံရသူများ အား တာဝန်ယူမှုရှိစေရန် လိုအပ်မည်ဖြစ်သည်။ အဆုံး၌ LGBT အသိုင်းအဝိုင်းအပေါ် ခွဲခြားဆက် ဆံမှုကို ဥပဒေအရတရားဝင်ဖြစ်စေရန်အသုံးပြုခြင်းခံရ သည့် ဥပဒေများ (ရာဇသတ်ကြီး၏ အက် ဥပဒေအမှတ် ၃၇၇ နှင့် "မှောင်ရိပ် ခိုမှုနှင့် ရုပ်ဖျက်မှု"ဥပဒေများ) ကို ဖျက်သိမ်းမည့် လှုပ်ရှားမှုတစ် ခု၏နောက်ကွယ်၌ အရှိန်အဟုန်တည်ဆောက်ရန် လိုအပ်ပါသည်။ ဤသည်မှာ နိုင်ငံ၏အတွင်းနှင့် အပြင်ရှိ LGBT ကွန်ရက်၏ အင်အားတောင့်တင်းမှုတစ်ခုလိုအပ်၍ LGBT ပုဂ္ဂိုလ်များနှင့် ကျယ်ပြန့်သော လူ့အသိုင်းအဝိုင်းအကြား ဆက်လက်ထိတွေ့ဆက်ဆံသွားရန် လိုအပ်မည်ဖြစ်သည်။

နိဂုံးချုပ်ခြင်း

Appendixes:

၁) အဆင့် ၁ အတွင်း အသုံးပြုထားသည့် ဆန်းစစ်လေ့လာသည့်ပုံစံ
၂) အတွေ့တွေ့လမ်းညွှန်ချက်များနှင့် မေးခွန်းများ
၃) အဆင့် ၂ အတွင်း အသုံးပြုထားသည့် ဆန်းစစ်လေ့လာသည့်ပုံစံ
၄) အဆင့် ၂ မှ FGD များနှင့် KII တို့အတွက် စီစဉ်ထားသည့်မေးခွန်းများ
၅) လေ့လာမှုပြုသည့်ဇရိယာများ၌ စာရင်းဇယားဖြစ်စဉ်များ။

၁

အဆင့် ၁ အတွင်း အသုံးပြုထားသည့် ဆန်းစစ်လေ့လာသည့်ပုံစံ

အခြေခံအချက်အလက်ပုံစံ
နေ့စွဲ ..../......../................

ကိုယ်ရေးအချက်အလက်

အမည် ....၊အသက် (............)နှစ်
မိဘအမည်၊ဦး ....၊ဒေါ် ....
မွေးချင်း (.........) ယောက်
ကိုးကွယ်သည့်ဘာသာ ....၊လူမျိုး ....
....
အိမ်ထောင်ရှိလျှင်သားသမီးဦးရေ (.........) ယောက်၊မိသားစုဝင်ဦးရေ (..........) ယောက်
အလုပ်အကိုင် ....
ပညာရေးအခြေအနေ ....
ဝင်ငွေ (နေ့စား) .... (သို့) လစား .... (သို့)
နှစ်စဉ်ဝင်ငွေ ....
နေရပ်လိပ်စာ ....ကျေးရွာ၊ .... မြို့နယ်၊
.... ပြည်နယ်/တိုင်း။

ဒေသဆိုင်ရာအချက်အလက်

LGBT လူဦးရေ (Approximate) (........................)ဦး
ဆေးပေးခန်း (.........)ခု၊ဆေးရုံ (.........)ခု၊ဆေးဆိုင် (.........)ခု
ရဲစခန်း (.........)ခု၊တရားရုံး (.........)ခု
တခြားဒေသန္တရအာဏာပိုင်များ
....
....
ဘာသာရေးအဆောက်အအုံများ
....
....

လက်မှတ်

....

၂

အတွေ့တွေ့လမ်းညွှန်ချက်များနှင့် မေးခွန်းများ

- သင့်အတွေ့အကြုံအရ LGBT တို့ ယေဘုယျ ကြုံတွေ့ရသော [ဥပဒေ ဆိုင်ရာ] ပြဿနာများမှာ အဘယ်နည်း။ [ဖြေကြားသူ၏ ကျွမ်းကျင် မှုနယ်ပယ်အတွင်း - နေရာဒေသ အတိအကျ (ရန်ကုန်၊ မြန်မာနိုင်ငံ အလယ်ပိုင်း၊ ကျေးလက်/မြို့ပြ၊ စသည်ဖြင့်) သို့မဟုတ် လူမျိုးစု၊ နိုင်ငံရေး ခံယူချက်တူသူများ၊ ခရိုင်အဆင့် တရားရုံး စသည်ဖြင့်]
- "တရားမျှတမှု" ၏ အဓိပ္ပာယ်ကို သင် မည်သို့ နားလည်သနည်း။ မည်သူက အဓိပ္ပာယ်ဖွင့်သနည်း။ တရားမျှတမှုကို မည်သည့်အချက်က သေခြာပေါက် "ရရှိ" စေသနည်း။
- "ခွဲခြားဆက်ဆံမှု" ကို LGBT တို့က မည်သို့ နားလည်သနည်း။ LGBT တို့က မည်သည့် အမျိုးအစား/ပုံစံများဖြင့် ခွဲခြားဆက်ဆံမှုကို ခံရသနည်း။
- ပြဿနာ ဖြစ်လျှင် LGBT တို့သည် အဘယ်သို့ သွားသနည်း။
- LGBT တို့ မတိုင်သည့် ပြဿနာများ ရှိသလား။ အဘယ့်ကြောင့်နည်း။
- မိသားစု အဆင့်တွင် ဥပဒေက မည်သည့် အခန်းကဏ္ဍမှ ပါဝင်သနည်း။ ရပ်ရွာအဆင့်တွင် မည်သည့်အခန်းမှ ပါဝင်သနည်း။
- မည်သည့် ယဥ်ကျေးမှုဆိုင်ရာ ထိန်းချုပ်မှုများ သို့မဟုတ် နှုန်းစံများက LGBT တို့ကို တရားမျှတမှု ရရှိရန် အားပေး၊ တိုက်တွန်း၊ ဟန့်တား၊ သို့မဟုတ် စိတ်ပျက် စေသနည်း။ အစိုးရ သို့မဟုတ် အစိုးရ မဟုတ်သူ၏ ပဋိပက္ခ ဖြေရှင်းရေး နည်းလမ်းများအပြင် မည်သည့် ယဥ်ကျေးမှု ဖြစ်စဉ်များက (ရှိခဲ့လျှင်) အမျိုးသမီးများကို ဖြေဆေးများ ပေးသနည်း။
- မည်သည့် အခက်အခဲများကို ရင်ဆိုင်ကြရသနည်း။ (ဥပဒေ၊ မိသားစု နှင့်/သို့မဟုတ် ရပ်ရွာလူထုတို့ ဖြစ်နိုင်သည်။)
- မည်သို့ နှင့် မည်သည့်အတွက်ကြောင့် LGBT တို့သည် စည်းကမ်းတကျဖြစ်သော (ရဲ၊ တရားရုံး၊ တရားသူကြီး) သို့မဟုတ် စည်းကမ်းတကျ မဟုတ်သော (ဓလေ့ထုံးတမ်း၊ ကျေးရွာ) ဥပဒေစနစ်ကို အသုံးပြုရန် ဆုံးဖြတ်သနည်း။
- အကယ်၍ အရေးမယူလျှင် အရေးမယူသည့် အကြောင်းရင်းမှာ အဘယ်နည်း။ မည်သူ သို့မဟုတ် မည်သည့် အကြောင်းအရာက အရေးမယူသည့် ဆုံးဖြတ်ချက်ကို ချစေသနည်း။ LGBT တို့က ၎င်းတို့အတွက် တရားမျှတမှု ရရှိရန် မည်သည့် စနစ်ပုံစံကို အရေးတကြီး မြင်တွေ့လိုကြသနည်း။
- LGBT တို့က ၎င်းတို့အတွက် တရားမျှတမှု ရရှိရေးကို မြှင့်တင်ရန် မည်သည့် အပြောင်းအလဲများကို မြင်တွေ့လိုသနည်း။
- LGBT တို့သည် ၎င်းတို့၏ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများအတွင်း မည်သည့် ပြောင်းလဲမှုများ မြင်တွေ့လိုသနည်း။

၃

အဆင့် ၂ အတွင်း အသုံးပြုထားသည့် ဆန်းစစ်လေ့လာသည့်ပုံစံ

အခြေခံအချက်အလက်ပုံစံ
နေ့စွဲ ..../......../................

မထမဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးပြီးပြီလား.......................................

ဆွေးနွေးပွဲတွင်ပါဝင်ပြီးသည်. နောက်မိမိလုပ်ဆောင်သောလုပ်ရှားမှုများအနည်းကျဉ်းပြောပြရန်

(၁)..

....

(၂)..

....

(၃)..

....

(၄)..

....

ကိုယ်ရေးအချက်အလက်

အမည် ....၊အသက် (...........)နှစ်
မိဘအမည်၊ဦး ....၊ဒေါ် ....
မွေးချင်း (.........) ယောက်
ကိုးကွယ်သည့်ဘာသာ ....၊လူမျိုး ....
....
အိမ်ထောင်ရှိလျှင်သားသမီးဦးရေ (.........) ယောက်၊မိသားစုဝင်ဦးရေ (..........) ယောက်
အလုပ်အကိုင် ....
ပညာရေးအခြေအနေ ....
ဝင်ငွေ (နေ့စား) .... (သို့) လစား .... (သို့) နှစ်စဉ်ဝင်ငွေ:.......................
နေရပ်လိပ်စာ ....ကျေးရွာ၊ .... မြို့နယ်၊
.... ပြည်နယ်/တိုင်း။

၃

အဆင့် ၂ အတွင်း အသုံးပြုထားသည့် ဆန်းစစ်လေ့လာသည့်ပုံစံ

ဒေသဆိုင်ရာအချက်အလက်

LGBT လူဦးရေ (Approximate) (.......................)ဦး
ဆေးပေးခန်း (.........)ခု၊ဆေးရုံ (.........)ခု၊ဆေးဆိုင် (.........)ခု
ရဲစခန်း (.........)ခု၊တရားရုံး (.........)ခု
တခြားဒေသန္တရအာဏာပိုင်များ
....
....
ဘာသာရေးအဆောက်အအုံများ
....
....

လက်မှတ်

....

၄

အဆင့် ၂ မှ FGD များနှင့် KII တို့အတွက် စီစဉ်ထားသည့်မေးခွန်းများ

(၁) FGD အစီအစဉ်အတွက် လမ်းညွှန်များ

• ပါဝင်လာကြသူများကို ကစားပွဲဖြင့်မိတ်ဆက်ခြင်း (အမည်၊ ဇာတိ၊ အကြိုက်ဆုံးအရာ၊ မကြိုက်ဆုံးအရာ)
• "၎င်းတို့ကြုံတွေ့ခဲ့ရသည့်ခွဲခြားဆက်ဆံခံရမှုအချိန်ပြမျဉ်း"နှင့်စပ်လျဉ်း၍ အဖွဲ့လိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း။
• ရှေ့နေအကူဆိုင်ရာအစီအစဉ်များအပေါ် ပြန်လှန်မှတ်ချက်ပြုခြင်း။
• ပြဿနာသစ်ပပင်တစ်ခုအသုံးပြု၍ ဆန်းစစ်လေ့လာခြင်း။
• တစ်ဦးအပေါ်တစ်ဦး အပြုသဘောမှတ်စုတိုများ သို့မဟုတ် LGBT များ၏အခွင့်အရေးများကို မြှင့်တင်ရန်ကတိပြုစကားများဖြင့် ပါဝင်သူများ ကဝိုင်းပတ်၍တစ်ဦးချင်းစီကပိတ်သိမ်းခြင်း။
• ပြန်လည်မှတ်ချက်ပြုပုံစံစာရွက်များ။

(၂) KII အတွက် မေခွန်းလမ်းညွှန်များ

• သင့်အလုပ်အကိုင်ကို ပြောပြပါ?
• သင့်ဒေသ၌ ဖြစ်လေ့ရှိသောဥပဒေရေးရာအငြင်းပွားမှုများက ဘာလဲ?
• LGBT တစ်ဦးတစ်ယောက်ချင်းကို သို့မဟုတ် LGBT တစ်ဦးတစ်ယောက်ချင်းစီက ယေဘုယျအားဖြင့် ကျူးလွန်သည့်သေးငယ် သောရာဇဝတ်မှုများက ဘာလဲ?
• LGBT များအပေါ် ကျူးလွန်သည့်ပြင်းထန်သောရာဇဝတ်မှုများက ဘာလဲ?
• LGBT အမှုများ သို့မဟုတ် အဓမ္မပြုကျင့်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်လွန်ကျူးမှုတို့ကဲ့သို့သော အတိမ်း အစောင်းမခံသည့်အမှုဖြစ်စဉ်များကို ကိုင်တွယ်ရမည့် နည်းစနစ်များနှင့် လုပ်ထုံး လုပ်နည်းများက ဘာလဲ?
• ပြည်သူများအတွက် ရဲစခန်းများနှင့်တရားရုံးများသည် မည်မျှ ဝင်ထွက်သွားလာခွင့်ရသနည်း?
• LGBT အမှုဖြစ်စဉ်များ (အကယ်၍ရှိခဲ့ပါက) ကိုကိုင်တွယ်ရန် အဓိကအခက်အခဲများက ဘာလဲ?
• မတူညီသောလိင်ပိုင်းဆိုင်ရာတိမ်းညွှတ်မှုအပေါ် ပြည်သူလူထု၏ယေဘုယျသဘောထားများက ဘာလဲ?
• LGBT များအတွက် ခေါင်းဆောင်မှုအခန်းကဏ္ဍကိုမြှင့်တင်ရန် သင့်အစိုးရ၊ ဌာန သို့မဟုတ် အဖွဲ့အစည်းများအတွင်း မူဝါဒတစ်ခုခုရှိပါသလား?
• မရှိပါက အဘယ့်ကြောင့်မရှိပါသနည်း?

ဇယား (၁) – (မိသားစု၊ အိမ်နီးချင်းနှင့် စာသင်ကျောင်း) လူ့အသိုင်းအဝိုင်း၌ ခွဲခြားဆက်ဆံမှုနှင့် အနိုင်ကျင့်မှုဖြစ်စဉ်များ

လ	အမှုအရေအတွက်			ကျား-မ							အသက် ၁၈ နှစ် အောက်	ဥပဒေရေးရာ တုံ့ပြန် ဆောင်ရွက်မှု		ကိုယ်နှင့်စိတ် ပိုင်းဆိုင်ရာ အနိုင် ကျင့်မှု	ပေးထားသည့်ဝန်ဆောင်မှု		
	HTY	PYAY	MLM	M	F	L	G	B	TW	TM		ရှိ	မရှိ		#	# + *	#+*+R
ဇန်နဝါရီ		၄	၄				၆		၂	၁	၁		၈		၆	၁	၁
ဖေဖော်ဝါရီ		၁	၂				၂		၁			၁	၂	၁		၁	
မတ်	၁	၁	၂			၁	၁		၃		၁		၄	၂	၃	၁	
ဧပြီ	၂	၅	၆	၁	၁		၄		၆	၂		၁	၁၂	၆	၉	၂	၂
မေ		၂	၁၁			၁	၁၁		၁	၁			၁၃	၂	၁၀	၂	၁
ဇွန်		၃	6		၁		၆		၂		၂	၁	၈	၃	၅	၂	၂
ဇူလိုင်	၄	၃	၁၃		၂	၂	၁၂		၄	၁	၁		၁၆	၂	၁၄	၆	
ဩဂုတ်			၈	၁			၃		၄			၁	၈	၃	၇	၁	
စက်တင်ဘာ	၂		၁	၁					၂				၂	၃	၁	၁	၁
အောက်တိုဘာ	၁		၃			၁	၂		၁				၄	၁	၄		
နိုဝင်ဘာ	၁	၁	၃			၁	၃		၁				၅	၂	၃		၂
ဒီဇင်ဘာ			၂			၁							၂		၂		
စုစုပေါင်း	၁၁	၂၀	၆၀	၃	၄	၇	၅၀	၀	၂၇	၅	၅	၄	၈၄	၂၅	၆၆	၁၇	၉
စုစုပေါင်း	၉၂			၉၆													
LGBT	၈၉																

HTY - လှိုင်သာယာ
PYAY - ပြည်
MLM - မော်လမြိုင်

မှတ်တမ်းတင်ခြင်း(#)
ဥပဒေရေးရာအကြံဉာဏ် (*)
လွှဲပေးခြင်း (R)

၅

လေ့လာမှုပြုသည့်ဒေသများရှိ ကိန်းဂဏန်းပြအမှုဖြစ်စဉ်များ

ဇယား (၂) - အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြစ်စဉ်များ

လ	အမှုအရေအတွက်			ကျား-မ							အသက် ၁၈ နှစ် အောက်	ဥပဒေရေးရာ တုံ့ပြန် ဆောင်ရွက်မှု		အဓမ္မပြုကျင့်ရန်/ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက် ရောက်ကျူး လွန်ရန် ကြိုးစားမှု	ပေးထားသည့်ဝန်ဆောင်မှု		
	HTY	PYAY	MLM	M	F	L	G	B	TW	TM		ရှိ	မရှိ		#	# + *	#+*+R
ဇန်နဝါရီ	၁	၅	၂		၄		၁		၂	၁	၂	၂	၃	၂	၃	၄	၁
ဖေဖော်ဝါရီ	၁	၂	၁		၂		၁		၁			၁	၃	၁	၂	၁	၁
မတ်	၁	၂	၈	၁	၅		၃		၂		၁	၅	၆	၂	၂	၄	၅
ဧပြီ		၁	၂		၃						၂	၁	၂	၂	၁	၂	
မေ		၂	၃		၃		၂				၁	၂	၃	၂	၁	၂	၂
ဇွန်		၁	၄		၁		၂		၂				၅		၂	၃	
ဇူလိုင်			၁		၁						၁	၁			၁		
ဩဂုတ်	၁	၂	၃		၅				၁		၄	၄	၂	၃	၄	၁	၁
စက်တင်ဘာ		၁			၁							၁			၁		
အောက်တိုဘာ			၁				၁						၁		၁		
နိုဝင်ဘာ	၂	၃			၃		၁		၁			၂	၃	၁	၁		၄
ဒီဇင်ဘာ																	
စုစုပေါင်း	၆	၁၉	၂၅	၁	၂၈	၀	၁၁	၀	၉	၁	၁၁	၁၉	၂၈	၁၃	၁၉	၁၇	၁၄
စုစုပေါင်း	၅၀			၅၀													
LGBT	၂၀																

HTY - လှိုင်သာယာ
PYAY - ပြည်
MLM - မော်လမြိုင်

မှတ်တမ်းတင်ခြင်း(#)
ဥပဒေရေးရာအကြံဉာဏ် (*)
လွှဲပေးခြင်း (R)

ဇယား (၃) - ရဲများပါဝင်ပတ်သက်၍အနိုင်ကျင့်သည့်အမှုဖြစ်စဉ်များ

လ	အမှုအရေအတွက်			ကျား-မ							အသက် ၁၈ နှစ်အောက်	ဥပဒေရေးရာ တုံ့ပြန်ဆောင်ရွက်မှု		လာဘ်စားမှု		ကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု	ပေးထားသည့်ဝန်ဆောင်မှု		
	HTY	PYAY	MLM	M	F	L	G	B	TW	TM		ရှိ	မရှိ	ရှိ	မရှိ		#	# + *	#+*+R
ဇန်နဝါရီ		၂	၄				၄		၃				၆				၄	၂	
ဖေဖော်ဝါရီ	၃	၅	၁	၁	၄		၁		၃				၅	၄		6	၅	၂	၂
မတ်		၃		၁	၁				၂				၃		၃	၃	၂		၁
ဧပြီ		၂	၁	၁					၂			၁	၂		၂	၃	၁		၂
မေ	၂	၂			၁		၁		၃			၁	၃	၁	၃	၄	၁	၁	၂
ဇွန်	၂	၃	၃		၁		၁		၄			၁	၆	၃	၄	၇	၆		၁
ဇူလိုင်	၃	၂			၁		၁		၃			၁	4	၁	၂	၄	၅		
ဩဂုတ်	၁	၄			၃		၁		၁				၅	၂	၃	၂	၂	၁	၂
စက်တင်ဘာ	၁		၂		၂				၁		၁		၃		၃	၁	၃		
အောက်တိုဘာ	၅	၁	၁		၂				၅				၇	၃	၄	၅	၅	၁	၁
နိုဝင်ဘာ	၅	၄	၂	၂	၅		၂		၂		၁	၇	၄	၃	၈		၈	၁	၂
ဒီဇင်ဘာ																			
စုစုပေါင်း	၂၁	၂၈	၁၄	၅	၂၁	၀	၁၁	၀	၂၉	၀	၂	၁၁	၄၈	၁၇	၃၂	၃၅	၄၂	၈	၁၃
စုစုပေါင်း	၆၃			၆၆															
LGBT	၄၀																		

HTY - လှိုင်သာယာ
PYAY - ပြည်
MLM - မော်လမြိုင်

မှတ်တမ်းတင်ခြင်း(#)
ဥပဒေရေးရာအကြံဉာဏ် (*)
လွှဲပေးခြင်း (R)

ဇယား (၄) - ရန်ကုန်ရဲအက်ဥပဒေ ၁၈၉၉ - ၃၀ (ဂ)(ဃ) သို့မဟုတ် ရဲအက်ဥပဒေ ၁၉၄၅ - ၃၅(ဂ)(ဃ)
ပါဝင်ပတ်သက်သည့် အမှုဖြစ်စဉ်များ

လ	အမှုအရေအတွက်			ကျား-မ							အသက် ၁၈ နှစ်အောက်	ဥပဒေရေးရာ တုံ့ပြန်ဆောင်ရွက်မှု		ခုခံခွင့်		ပေးထားသည့်ဝန်ဆောင်မှု		
	HTY	PYAY	MLM	M	F	L	G	B	TW	TM		ရှိ	မရှိ	ရှိ	မရှိ	#	# + *	#+*+R
ဇန်နဝါရီ	၄	၃	၅	၂			၈		၁၀			၁၂			၁၂	၇	၄	၁
ဖေဖော်ဝါရီ	၄	၃	၁	၁			၃		၅			၃	၁		၃	၇		၁
မတ်	၃	၃	၁	၂			၁		၄		၃	၄	၃		၄	၅	၁	၁
ဧပြီ	၅	၁					၁		၅			၅	၁	၁	၄	၁	၄	၁
မေ	၄								၄		၂	၄			၄	၄		
ဇွန်	၂	၁					၁		၃		၁	၃		၁	၂	၁	၁	၁
ဇူလိုင်	၃								၃		၁	၃		၃		၁	၂	၂
ဩဂုတ်	၅								၅		၁	၅		၁	၄	၂		၁
စက်တင်ဘာ	၆								၆			၆		၂	၄	၂		၄
အောက်တိုဘာ	၄	၁	၁	၂			၁		၄		၂	၅	၁	၂	၃	၅		၁
နိုဝင်ဘာ	၃	၁		၁					၃			၃	၁	၂	၁	၁		၃
ဒီဇင်ဘာ		၁					၁					၁		၁				၁
စုစုပေါင်း	၄၃	၁၄	၈	၈	၀	၀	၁၆	၀	၅၂	၀	၁၀	၅၄	၇	၁၃	၄၁	၃၆	၁၂	၁၇
စုစုပေါင်း	၆၅			၇၆														
LGBT	၆၈																	

ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉) ဥပဒေပုဒ်မ ၃၀ (ဂ) နှင့် (ဃ)/ ရဲအက်ဥပဒေ (၁၉၄၅) ဥပဒေပုဒ်မ ၃၅ တို့တွင်
(ဂ) နံနက်နေထွက်ချိန်မှ ညနေနေဝင်ချိန်အထိ မျက်နှာကိုဖုံးအုပ်ထားသူ သို့မဟုတ် ရုပ်ဖျက်ထားပြီး မည်သူမည်ဝါ
ဖြစ်ကြောင်းစိတ်ကျေနပ်လောက်ဖွယ်မသိရှိစေရ ကြောင်းတွေ့ရှိခြင်းခံရသူ
(ဃ) နေအိမ်တစ်ခုခုသို့မဟုတ် အခြားအဆောက်အဦးတစ်ခုခု၏ပရဝုဏ်အတွင်း သို့မဟုတ်
နောက်ဖေးလမ်းကြားတစ်ခုခုအတွင်း သို့မဟုတ် ယာဉ်တစ်ခုခုပေါ်တွင် တွေ့ရှိရပြီး မိမိရှိနေသည်ကိုမည်သူ
မည်ဝါဖြစ်ကြောင်း ကျေနပ်လောက်ဖွယ်ရှင်းလင်းပြောဆိုနိုင်ခြင်းမရှိသူ မည်သူ့ကိုမဆို ဖမ်းဝရမ်းမပါရှိပဲ
မည်သည့်ရဲအရာရှိကမဆို ဖမ်းဆီးထိန်းသိမ်းနိုင်ပြီး ထောင်ဒဏ်သုံးလအထိအပြစ်ပေးခြင်းခံရနိုင်ပါသည်။

HTY - လှိုင်သာယာ
PYAY - ပြည်
MLM - မော်လမြိုင်

မှတ်တမ်းတင်ခြင်း(#)
ဥပဒေရေးရာအကြံဉာဏ် (*)
လွှဲပေးခြင်း (R)

USAID
FROM THE AMERICAN PEOPLE

Equality
Myanmar

Colors Rainbow